# Y

# ပေါင်းစုတူယှဉ် နိဗ္ဗာန်ဝင်

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၉)ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်နေ့ ညနေတွင် ကျိုက်ထိုမြို့ မဟာမေဃဝန်ကျောင်းတိုက်အတွင်း ဆင်ယင်ကျင်းပအပ်သော ဓမ္မမာမကာ ဝိသာခါ အဖွဲ့သူအဖွဲ့သားများ၏ ၂၀၀၆ ခုနှစ် တစ်နှစ်တာအတွက် စုပေါင်းလှူဒါန်းမှု ဒါနကောင်းမှု အစုစုတို့ကို အတူတကွ ရေစက်သွန်းချတဲ့ ဓမ္မသဘင်ဝယ် ဟောကြားအပ်သော ပေါင်းစုတူယှဉ် နိဗ္ဗာန်ဝင် တရားတော်။



ကုသိုလ်ကောင်းမှုတွေကို အတူတကွ စုပေါင်းညီညာစွာ ပြုကြတဲ့ အားလုံးသော ကုသိုလ်ရှင်ကောင်းမှုရှင်တွေဟာ နိဗ္ဗာန်ကို ဝင်ရောက်ရာမှာလည်းပဲ အတူတကွ သိုက်သိုက်ဝန်းဝန်းနဲ့ နိဗ္ဗာန်ကို ဝင်ရောက်တတ်တယ်၊ ဝင်ရောက်နိုင်တယ်ဆိုတဲ့ အကြောင်း သိရှိနားလည်ဖို့ တရားတစ်ပုဒ် ဟောကြနာကြရအောင်။

တရားတော်ကို ဟောကြား နာကြားပြီးတဲ့အချိန်မှာလည်း ကျိုက်ထိုမြို့ ဓမ္မမာမကာ ဝိသာခါ အဖွဲ့သားများ အဖွဲ့သူများ၏ ၂၀၀၆ ခုနှစ်အတွင်း စုပေါင်းလှူဒါန်းတဲ့ ကုသိုလ်ကောင်းမှု အစုစုနှင့် ဓမ္မသဘင်ဆင်ယင်ကျင်းပရတဲ့ ဓမ္မဒါန၊ အမတဒါန ကုသိုလ်ကောင်းမှု ဝေယျာဝစ္စ ကုသိုလ် အစုစုတို့ကို တရားဟောတရားနာကြားပြီးတဲ့ အချိန်ခါမှာ ရေစက်သွန်းချ အမျှပေးဝေကြပါမယ်။

ရှေးဦးစွာ တရားမဟောမီ တရားမနာမီမှာ တရားတော်ကို ဟောကြားတော်မူခဲ့တဲ့ အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရားရဲ့ အရဟံဂုဏ် သမ္မာသမ္ဗုဒ္ဓဂုဏ် ဘဂဝါဂုဏ်တော်တွေကို



အာရုံပြုပြီးတော့ အားလုံး နမောတဿ ဘုရားရှိခိုးနဲ့ သုံးကြိမ်သုံးခေါက် ရှိခိုးပူဇော်ကန်တော့ကြရအောင်။

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အရဟတော - လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း တို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်ပါပေထသော၊

အရ ဟတော - တစ်ထောင့်ငါးရာ ကိလေသာမှ ဝေးကွာတော်မူပေထသော၊

အ ရဟတော - ဆိတ်ကွယ်ရာ၌ပင် မကောင်းမှုကို ပြုတော်မမူ၊ ပြောတော်မမူ၊ ကြံစည်တော် မမူတတ်ပါပေထသော၊

အရဟတော - ကိလေသာမာရ် သူပုန်ရန်ကို အောင်တော်မူ၊ နိုင်တော်မူတတ်ပါပေထသော၊

အရဟာတော - သံသရာစက် အကန့်အကွက်တို့ကို ပယ်ဖျက်ခုတ်ထွင် သုတ်သင်တော်မူ တတ်ပါပေထသော၊

သမ္မာသမ္ဗုဒ္ဓဿ - မဖောက်မပြန် တရားမှန်ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်း သိမြင်တော်မူတတ်ပါပေထသော၊

တဿ ဘဂဝတော - ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တမည် ဘုန်းခြောက်လီ နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာ ဘုရားအား၊

နမော နမာမိ - ရှိခိုးပါ၏ အရှင်ဘုရား။

နမော နမာမိ - ကိုယ် နှုတ် နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့ရိုကျိုး လက်အုပ်မိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

အားလုံး ဘုရားရှင်ကိုယ်တော်မြတ်ကို ရှိခိုး ပူဇော်ပါ။



ဘုရားမြတ်စွာကို ရှိခိုးပူဇော်ပြီးတဲ့နောက် ပေါင်းစုတူယှဉ် နိဗ္ဗာန်ဝင် ဆိုတဲ့ တရားတော်ကို ဟောကြနာကြမယ်။

ကျိုက်ထိုမြို့ ဓမ္မမာမကာ ဝိသာခါ အဖွဲ့သူ အဖွဲ့သား အသင်းသူ အသင်းသားများက နှစ်နှစ်တိုင်တိုင် ကုသိုလ်ကောင်းမှု အတူတကွ ပြုပြီးခဲ့ကြပါပြီ။ မြို့ရွာ ဒေသအသီးသီး ကျောင်းတိုက်အသီးသီးမှာ လိုအပ်ရာ လိုအပ်ရာ နေရာဌာနများမှာ စိတ်တူကိုယ်တူ သဘောတူပြီး ပေါင်းစု လှူဒါန်းပြီးခဲ့ကြပြီ။ ရှေ့ကိုလည်း ဆက်လက် လှူဒါန်းကြဦးမှာပါ။

ဝိသာခါဆိုတဲ့ အမည်နာမနဲ့ ဆက်စပ်ပြီး ဘုန်းကြီးတို့ ပရိသတ်ကို မေးကြည့်ဦးမယ်။

မြတ်စွာဘုရားလက်ထက်က ဝိသာခါဒကာမကြီး ဘယ်နှစ်ယောက်ရှိလဲဆိုရင် တစ်ယောက်ပဲနော်။ သာဝတ္ထိမြို့မှာ ဝိသာခါအမည်နဲ့ထင်ရှားတဲ့ ဒကာမကြီး တစ်ယောက်ပဲ ရှိပါတယ်။



## ဝိသာခါလေးရာကျော်

အခု ကျိုက်ထိုမြို့က ဝိသာခါဒကာမကြီးတွေ ဘယ်နှစ်ယောက်လဲဆိုရင်တော့ လေးရာကျော်တယ်လို့ သိရပါတယ်။ ဝိသာခါဒကာမကြီးတွေ ရာကျော်ရှိတဲ့ ကျိုက်ထိုမြို့လို့ ပြောရမှာပေ့ါ။

မြတ်စွာဘုရားလက်ထက်က ဝိသာခါဟာ သာသနာအတွက် အင်မတန်မှ အားကိုးရပါတယ်။ သာသနာတော်မှာရှိကြတဲ့ ရှင်ရဟန်းအားလုံးတို့ရဲ့ မိခင်ကြီးသဖွယ် နေထိုင်ရပ်တည်ခဲ့ပါတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ သံဃာတော်အရှင်မြတ်တွေရဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး ဘာမှလိုအပ်မှု မရှိရအောင် လိုလေသေးမရှိ ပြည့်စုံအောင် အဘက်ဘက်က တာဝန်ယူ လှူဒါန်းခဲ့တဲ့ အလှူ့ရှင် အလှူ့အစ်မကြီး တစ်ယောက်ပါ။ တစ်ယောက်ဆိုသလောက် တစ်ယောက် သာသနာအတွက် အားကိုးလောက်တဲ့သူ လို့ ပြောရမှာပါ။

ဘုန်းကြီးတို့ ကျိုက်ထိုမြို့က ဝိသာခါအဖွဲ့မှာ အဖွဲ့ဝင်လေးရာကျော် ရှိပါတယ်။ အတူတကွ စုပေါင်းပြီး သာသနာအတွက် လိုအပ်ရာ လိုအပ်ရာ ဖြစ်တဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းကြတယ်ဆိုတော့ ဒီအဖွဲ့သူအဖွဲ့သားတွေလည်း အားကိုးရတဲ့သူတွေ၊ သာသနာအတွက် ကျေးဇူးများတဲ့ သူတွေလို့ ပြောလို့ရပါတယ်။ ဝိသာခါလေးရာကျော်ရဲ့ သဒ္ဓါအင်အား၊ ဒါနအင်အားဖြစ်တဲ့ အတွက် သေးငယ်တဲ့ အတိုင်းအတာတော့ မဟုတ်ပါဘူး။

တစ်ကျောင်းအတွက် တစ်နေရာအတွက် ပုဂ္ဂိုလ်တစ်ပါးအတွက် ဆောင်ရွက်လုပ်ကိုင်ကြတာ မဟုတ်ပါဘူး။ ကျောင်းတိုက်အသီးသီး နေရာဌာန အသီးသီး မြို့ရွာအသီးသီးမှာ လိုအပ်တာတွေကို ရည်မှန်းပြီးတော့ လှူဒါန်းကြတယ်။ ဖြည့်စွက်ကြတယ်။ သာသနာ့အကျိုး ရည်မှန်းပြီးတော့ လှူဒါန်းကြတာမို့ စေတနာရည်ရွယ်ချက်ကလည်း ကောင်းမွန်မြင့်မြတ် ကြပါတယ်။



## ဂုဏ်သတင်းပျံ့နှံ့

ဒီဝိသာခါအဖွဲ့ရဲ့ ဂုဏ်သတင်း ဒီဝိသာခါအဖွဲ့ရဲ့ လုပ်ဆောင်ချက်တွေကို ကြည်ညိုလေးစားလို့တဲ့ အမေရိကန် လော့စ်အိန်ဂျယ်လိမှာနေတဲ့ ဘုန်းကြီးရဲ့ ဒကာမတစ်ယောက်က လှမ်းပြီး လျှောက်ထားပါတယ်။ မနှစ်က ဝိသာခါ အသင်းသူ အသင်းသားများ အနုမောဒနာ ရေစက်ချတဲ့ တရားတော်ကို တရားချစ်တဲ့သူ အမည်နဲ့ စာအုပ်တစ်အုပ်အဖြစ် စီစဉ်လှူဒါန်း ဓမ္မဒါန ပြုကြတဲ့အတွက် အဲဒီစာအုပ် အမေရိကန် ရောက်သွား ပါတယ်။ သူ့ဆီကိုလည်း ရောက်လာပါတယ်တဲ့။

ဒကာမကြီးက ဒီစာအုပ်ဖတ်ပြီးတော့ သဘောကျ ကြည်ညိုအားရလွန်းလို့တဲ့၊ ဘုန်းကြီးဆီကို လှမ်းပြီးတော့ ကျောင်းအလှူ ကျပ်ငါးသိန်း ထည့်ဝင်လှူဒါန်းပါတယ်။ ဝိသာခါအဖွဲ့အနေနဲ့ ထည့်ဝင်လှူဒါန်းတာပါ။ ကျိုက်ထိုမြို့ ဝိသာခါအဖွဲ့က လှူထားတဲ့ ကျောင်းအလှူမှာ ပေါင်းစု ပါဝင် လှူဒါန်းတာပါ။



သူတစ်ဦးတည်း တစ်ယောက်တည်း အနေနဲ့ လှူရင်လည်း ရရဲ့သားနဲ့။ သူက ဘာလျှောက်လဲဆိုရင် တပည့်တော်ကိုလည်း ကျိုက်ထို ဓမ္မမာမကာ ဝိသာခါ အသင်းသူတစ်ဦးအဖြစ် အသိအမှတ်ပြုပါတဲ့။

အခုလှူတဲ့ ကျောင်းအလှူကလဲ ဓမ္မမာမကာ ဝိသာခါ အသင်းသူ အသင်းသားတွေ အရှင်ဘုရား သာသနာ့ရိပ်သာအတွက် လှူဒါန်းတဲ့ ကုသိုလ်ကောင်းမှု၊ ယောဂီဆောင်တစ်ခန်း လှူဒါန်းတဲ့ ကုသိုလ်ကောင်းမှု ထဲမှာ ပေါင်းစုပြီးတော့ ပါဝင်ခွင့်ပေးပါလို့ သူက လျှောက်ပါတယ်။ သူလည်းပဲ ဝိသာခါအသင်းသူ တစ်ယောက် ဖြစ်သွားအောင်လို့ပါ။ စုပေါင်းအလှူထဲ ပါဝင်ချင်လို့ပါတဲ့။

ဒါကြောင့် စိတ်တူကိုယ်တူနဲ့ ညီညီညာညာ အတူတကွ ကုသိုလ်ကောင်းမှုကို ပြုကြတဲ့ အကျိုးတရား အကျိုးအာနိသင်ဟာ မိမိတစ်ဦးတည်း တစ်ယောက်တည်း လှူဒါန်းတာထက်ကို ပိုလွန်ကြီးမားတယ်ဆိုတဲ့ အကြောင်း ပြောချင်လို့ ဘုန်းကြီးက ပေါင်းစုတူယှဉ်

နိဗ္ဗာန်ဝင်လို့ တရားအမည် တရားခေါင်းစဉ်ပေးပြီး ဟောကြားဖို့ စိတ်ကူးမိတာပါ။

## လျှုပုံနှစ်မျိုးကွဲပြား

ဒါနကောင်းမှုပြုကြရာမှာ ကိုယ်တစ်ဦးတည်း တစ်ယောက်တည်း သီးသန့် သီးခြား စွမ်းနိုင်သလောက် တတ်နိုင်ရင် တတ်နိုင်သလောက် လှူဒါန်းတာမျိုး ရှိသလို စိတ်တူကိုယ်တူနဲ့ သဘောတူပေါင်းစုပြီး တစ်ယောက်နဲ့တစ်ယောက် တိုက်တွန်း၊ တစ်ဦးနဲ့တစ်ဦး ညှိနှိုင်းပြီး အတူတကွ အားပေးကူညီပြီးတော့ ပြုကြတဲ့ ဒါနမျိုးလည်း ရှိတယ်လို့ ဒါနပြုပုံ နှစ်မျိုးခွဲခြားပြီး ကြည့်လိုက်ကြပါ။

ဒါနနှစ်မျိုး ခွဲကြည့်လိုက်လို့ရှိရင် တစ်ဦးတည်း အလှူနဲ့ စုပေါင်းအများအလှူလို့ ပုံစံကွဲပြားခြားနားတာ တွေ့ကြရမှာပါ။ အလှူရဲ့အသွင်အပြင် ပုံသဏ္ဍာန် ကွာခြားသလို အကျိုးပေးရာမှာလည်း မတူ ထူးခြား ကွဲပြားသွားပါတယ်။



သီးသန့်အလှူ ပေါင်းစုအလှူနဲ့ ဆက်စပ်ပြီးတော့ မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ တရားရှိပါတယ်။ မြတ်စွာဘုရားရှင် ဘယ်လိုများ ဟောခဲ့သလဲ၊ ဘာတွေများ ဟောခဲ့သလဲ ဆိုတာကို အားလုံးသော တရားနာ ပရိသတ်တွေ သိနားလည်ကြအောင်လို့ပါ။ စုပေါင်း အလှူရဲ့ ထူးခြားတဲ့ အကျိုးတရားကို သိရှိပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင်ကြဖို့ပါ။

## ကိုယ်တိုင်လှူ မလှူစေခဲ့

အလှူနှစ်မျိုးဘာတွေခြားနားသလဲ၊ ဘာတွေများ ထူးခြားသလဲ၊ အကျိုးပေး ဘယ်လိုကွာခြားသလဲ သိရှိအောင် မှတ်မိအောင် လင်္ကာလေးတွေနဲ့ ဘုန်းကြီး ဟောပြပါမယ်။

> *** မိမိသာလှူ သူများမှု မလှူစေခဲ့ပါ။**
> **ဥစ္စာပေါများ ခြွေရံရှား ဖြစ်ငြားဘဝမှာ။**

မိမိကိုယ်တိုင်ကတော့ ပေးကမ်းလှူဒါန်းပါတယ်။ ကိုယ်တိုင်ကိုယ်ကျ ဒါနကောင်းမှုကို ပြုပေမယ့်



သူတစ်ပါးတွေကို တိုက်တွန်းအားပေးမှု နှိုးဆော်မှု မပြုတဲ့ ဒါနမျိုးရှိပါတယ်။

ကိုယ်တစ်ယောက်တည်း လှူလိုက်မယ်။ သူများ ကိုတော့ လှူပါလို့ မပြောချင်ဘူး။ ပြောရမှာ အားနာ တယ်။ သူများကိုတိုက်တွန်းရမှာ ဝန်လေးတယ်။ သူများ လှူချင်မှန်းမသိ မလှူချင်မှန်းမသိ။ ကြိုက်မှန်းမသိ မကြိုက်မှန်းမသိ။ မလှူချင်ရင် မျက်နှာပျက်မယ်။ ပြောဆိုတိုက်တွန်းတာ မကြိုက်ရင် မျက်နှာပူစရာ ကောင်းတယ်လို့တွေးပြီး ကိုယ်နိုင်ရင် နိုင်သလို လှူလိုက်မယ်။ သူများတွေနဲ့တော့ စည်းရုံးပေါင်းစု ပြီးတော့ မလှူချင်ဘူးဆိုတဲ့ အလှူမျိုးပါ။

အများနဲ့မရောချင်ဘူး။ စုပေါင်းမလှူချင်ဘူး။ တစ်ဦးတည်းပဲ လှူတဲ့အတွက် ဒါနဖြစ်ပေမယ့် ဒီဒါနမှာ စည်းရုံးမှုအင်အားမပါတာ တွေ့ရပါလိမ့်မယ်။ အခြံအရံ အနေနဲ့ တွဲဖက်ပြီး ကူသိုလ်ပါဝင်သူ မရှိတာကို မြင်ရပါလိမ့်မယ်။

သီးသန့် တစ်ဦးတည်း ကိုယ်တိုင်လှူပြီးတော့ သူများကို မတိုက်တွန်းဘူး အားမပေးဘူး နှိုးဆော်မှုကို မပြုဘူးဆိုရင် အဲဒီဒါန အဲဒီကောင်းမှု အကျိုးပေးလာတဲ့ အချိန်အခါမှာ ဥစ္စာပစ္စည်းတော့ ပေါများပါတယ်။ တိုက်တွန်းမှု အားပေးမှု ကူညီမှုမပြုတဲ့အတွက်ကြောင့်မို့ အခြွေအရံက ရှားပါးပါလိမ့်မယ်။

ဒါနအကျိုးဖြစ်တဲ့ စည်းစိမ်ဥစ္စာတွေ ရရှိလာ ပြည့်စုံလာပေမယ့် ချမ်းသာစံဘက်မိသားစုမရှိ၊ မိတ်ဆွေသူငယ်ချင်း မရှိ၊ အပေါင်းအသင်းမရှိလို့ ကိုယ့်မှာတစ်ယောက်တည်း စည်းစိမ်ချမ်းသာအလယ်မှာ အထီးကျန်နေတတ်ပါတယ်။ ရွှေဘုံပေါ်မှာ တစ်ယောက်တည်း စံနေရလို့ ပျင်းရိငြီးငွေ့စရာတွေ ဖြစ်လာတတ်ပါတယ်။

သိုက်သိုက်ဝန်းဝန်း ညီညီညာညာ စုပေါင်းပြီးတော့ ကုသိုလ်ကောင်းမှု မပြုခဲ့တဲ့အတွက်ကြောင့်မို့ အခြွေအရံ အပေါင်းအသင်း နောက်လိုက်နောက်ပါ တပည့်တပန်းတွေ ရှားပါးနေရတာပါ။ ကူညီမယ့်သူမရှိ



အားကိုးအားထားပြုစရာမရှိ၊ ကိစ္စကြီးငယ်မှာ မျက်နှာလွှဲစရာမရှိ ဖြစ်ရတာဟာ အခြားသူတွေကို အလှူလှူဖြစ်အောင် မတိုက်တွန်းခဲ့လို့ပါ။

## ကိုယ်တိုင်မလှူ လှူစေခဲ့

နောက်ဒါနတစ်မျိုးနဲ့ အကျိုးပေးပုံကတော့

***မိမိမလှူ သူများမှု ပေးလှူစေခဲ့ပါ။**
**ခြွေရံပေါများ ဥစ္စာရှား ဖြစ်ငြားဘဝမှာ။**

ကိုယ်တိုင်တော့ ပေးကမ်းလှူဒါန်းတဲ့ ဒါနကောင်းမှုကို မပြုပါဘူး။ သူများကိုတော့ တိုက်တွန်းပါတယ်။ လှူပါဦး၊ ဘယ်နေရာမှာ ဘာလိုအပ်တယ်၊ ဘယ်ကျောင်းတိုက်မှာ ဘာလိုတယ်၊ ဘယ်ဆရာတော် ဘယ်သံဃာတော်တွေမှာ ဘာတွေ ဘာတွေ လိုအပ်နေတယ်လို့ သူတစ်ပါးကိုတော့ ညွှန်ပြပါတယ်၊ တိုက်တွန်းတတ်ပါတယ်၊ နှိုးဆော်တတ်ပါတယ်။ ကိုယ်တိုင်တော့ဖြင့် အလှူပါဝင်ရဲ့လားဆိုရင် မပါဝင်ဘူး။ ကိုယ်တိုင်ကတော့ လှူဒါန်းမှုကို မပြုပါဘူး။



အဲဒီလို သူတစ်ပါးကိုသာ တိုက်တွန်းအားပေးပြီး ကိုယ်တိုင်မလှူတဲ့အတွက်ကြောင့် သူ့အကျိုးပေးက တစ်မျိုးဖြစ်လာပါတယ်။ နောက်လိုက်နောက်ပါ တပည့်တပန်း အခြွေအရံတွေက ပေါများတယ်။ ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာက ရှားပါးနေတယ်။ ချို့တဲ့နေတတ်ပါတယ်။

လောကမျက်မြင် သဘာဝအားဖြင့် ကိုယ့်ပတ်ဝန်းကျင် အခြေအနေကို သတိထားပြီး ကြည့်ရင် သိသာပါတယ်။ အိမ်ထောင်စုတွေ နှိုင်းယှဉ်ကြည့်ရင် တစ်ချို့ အိမ်ထောင်စုတွေမှာ သားသမီးများတယ်။ တစ်ချို့က သားသမီးနည်းတယ်။

သားသမီးနည်းတဲ့ လူတွေက သားသမီး လိုချင်ကြတယ်တဲ့။ သားလေးတစ်ယောက် သမီးလေး တစ်ယောက် အားကိုးအားထားပြုရမယ့် သားသမီးများရှိရင်ကောင်းမှာပဲလို့ လိုချင်ပါတယ်။ တောင့်တပါတယ်။ ဒါပေမဲ့ မရကြတာတွေ အများကြီးပါ။

တစ်ချို့က တစ်ဦးတည်းသောသား တစ်ဦးတည်းသောသမီး ဖြစ်လာကြတာမို့ ညီအစ်ကို မောင်နှမ

လိုချင်တယ်ပေ့ါ။ အစ်ကိုတွေ အစ်မတွေ ညီ ညီမတွေနဲ့ သိုက်သိုက်ဝန်းဝန်း ချစ်ချစ်ခင်ခင် နေချင်တယ်။ ဒါပေမယ့်လို့ ဆွေမျိုး ညီအစ်ကို မောင်နှမ မရှိဘဲနဲ့ တစ်ယောက်တည်း ဖြစ်နေရတာဟာ အလှူဒါနပြုစဉ်မှာ သူတစ်ပါးကို တိုက်တွန်းမှု မပြုခဲ့လို့ နှိုးဆော်မှု မပြုခဲ့လို့ပါ။

ကိုယ်တိုင်လှူတဲ့အတွက် ကိုယ်တိုင်ကတော့ ပစ္စည်းဥစ္စာတွေ ပေါများနေပါတယ်။ ကိုယ်တိုင်လှူသော်လည်း သူတစ်ပါးကိုလှူပါလို့ အလှူ လှူဖြစ်အောင် အားပေးမှု တိုက်တွန်းမှုမပြုလို့ ဆွေမျိုး ညီအစ်ကို မောင်နှမ မိတ်ဆွေ တပည့်တပန်း ရှားပါးရတာပါ။

တစ်ချို့ကတော့ အဲဒါနဲ့ ပြောင်းပြန် ဆွေမျိုးသားချင်း ညီအစ်ကို မောင်နှမတွေ အခြွေအရံ သားသမီးတွေ များတယ်။ အခြံအရံ အသိုက်အဝန်း များပေမယ့် စားဝတ်နေရေး ချို့တဲ့နေရတယ်။ ပစ္စည်းဥစ္စာက မပြည့်စုံဘူး၊ ရှားပါးနေကြတာတွေလည်း ရှိကြပါတယ်။ စားမယ့်သူကများပြီး စားစရာကမရှိ၊ မိတ်ဆွေ



အပေါင်းအသင်း ညီအစ်ကိုမောင်နှမများပြီး ကျွေးစရာ မွေးစရာမရှိလို့ ကြပ်တည်း ဆင်းရဲရပြန်ပါတယ်။

## မောင်နှမများတဲ့ ကိုရင်လေး

ဘုန်းကြီး တောင်စွန်းဓမ္မဒူတမှာ လွန်ခဲ့တဲ့ သုံးလေးနှစ်က တပည့်တစ်ပါး တွေ့ဖူးပါတယ်။ ကိုရင်လေးပါ။ သူက အခုမှ မူလတန်းအခြေပြုသင်ဖို့ ဆိုပြီးတော့ အတော်ဝေးဝေး နယ်ကနေပြီးတော့ ရောက်လာပြီး စာပေသင်ယူနေတာပါ။

တစ်နေ့ ဘုန်းကြီးကျောင်းပေါ်မှာ ဝေယျာဝစ္စ လာပြုတော့ သူ့ကို ဘုန်းကြီးက ဟိုမေးဒီမေး စကားပြော ကြည့်ပါတယ်။

ကိုရင် ဘယ်မြို့က ဘယ်ရွာကလာခဲ့သလဲလို့ မေးပါတယ်။ သူ့ကို ဘုန်းကြီးက ထပ်မေးပါတယ်။ "ကိုရင့်မှာ ညီအစ်ကိုမောင်နှမ ဘယ်နှစ်ယောက်ရှိသလဲ" ဆိုတော့ ဒီကိုရင်လေး ပြန်ပြောတဲ့စကားက ဘုန်းကြီး မျက်လုံးပါ ပြူးတယ်။ "ဆရာတော်ဘုရား (၁၆)ယောက် ရှိပါတယ်" တဲ့။



များလိုက်တဲ့အခြံအရံတွေနော်။ ညီအစ်ကို မောင်နှမ (၁၆)ယောက်တောင်ရှိတဲ့ မိသားစုကြီးပေ့ါ။ အိမ်ကျဉ်းကျဉ်းလေးထဲမှာ ဘယ်လိုများ နေကြ ထိုင်ကြ စားသောက်ကြတယ်တော့ မသိဘူး။ တစ်အိမ်လုံး ပြည့်ကြပ်နေမှာ သေချာတယ်။

"အေး ဒီလိုဆိုရင် မင်းညီအစ်ကိုတွေ မောင်နှမတွေ အားလုံး မင်းနာမည်မှတ်မိလား"ဆိုတော့ "မမှတ်မိပါဘူး ဘုရား"တဲ့။ "မင်းအဖေ အမေတွေရော မှတ်မိရဲ့လား" ဆိုတော့ "သူတို့လည်း တစ်ခါတစ်လေကျရင် မှားတယ် ဘုရား" တဲ့။

တပည့်တော်တို့ကို နံပါတ်စဉ်နဲ့ပဲ ခေါ်တယ်တဲ့။ တစ် နှစ် သုံး လေး ဒီလိုနံပါတ်တပ်ပြီး ခေါ်တယ်လို့ ပြောပြပါတယ်။ နာမည်တွေ လွဲလွန်းလို့ မှားလွန်းလို့ နာမည်နဲ့တောင် မခေါ်နိုင်တော့ဘူး။ ပစ္စည်းဥစ္စာလည်း မပြည့်စုံရှာကြပါဘူး။ ချို့ချို့ငဲ့ငဲ့ ရှိပုံပါ။

အဲဒီ ကိုရင်ကလေးကို ကြည့်ပြီးတော့ ဒီတရား ဘုန်းကြီး စဉ်းစားမိတယ်။ သူတို့မိသားစုဟာ သူတစ်ပါး

ကိုတော့ လှူပါ တန်းပါ တိုက်တွန်းခဲ့ကြပြီး ကိုယ်တိုင်က လှူဒါန်းဖို့ တွန့်ဆုတ်ခဲ့ကြပုံရတယ်လို့ တွေးမိပါတယ်။

အလှူဒါနကို တိုက်တွန်းအားပေးတဲ့ ကုသိုလ်ကောင်းမှုကို ပြုခဲ့တော့ အခြွေအရံ သားသမီး ညီအစ်ကို မောင်နှမ အပေါင်းအသင်း ပရိသတ်တွေ များပါတယ်။ ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာဘက်မှာ ကြည့်လိုက်တော့ ကိုယ်တိုင်မလှူခဲ့ကြတာမို့ ချို့တဲ့ရှားပါးတယ်။ နွမ်းပါးရှာပါတယ်။ ဒီလိုအကျိုးပေးလာတဲ့ ဒါနပုံစံတစ်မျိုးကို မြတ်စွာဘုရားရှင်က ခုလို ဟောကြားတော်မူခဲ့တာပါ။

## ကိုယ်တိုင်မလှူ မလှူစေခဲ့

နောက်တစ်မျိုးက မိမိကိုယ်တိုင်လည်း ပေးကမ်းတဲ့ ဒါနကောင်းမှုကို မပြုပါဘူး၊ သူတစ်ပါးကိုလည်း မတိုက်တွန်းဘူး ဆိုတာမျိုးပါ။

***မိမိမလှူ သူများမှု မလှူစေခဲ့ပါ။**
**ဥစ္စာခြွေရံ ရှားနှစ်တန် ဖြစ်ပြန်ဘဝမှာ။**



ကိုယ်တိုင်ကလည်း မလှူဘူး၊ သူများကိုလည်း အားပေး တိုက်တွန်း နှိုးဆော်မှု မပြုပါဘူး။ အတူတကွ ကုသိုလ်ကောင်းမှုတွေ ပြုရအောင် ကုသိုလ်ကောင်းမှုတွေ ပါဝင်ပါလို့ အားပေးမှုကို မပြုဘူး၊ စည်းရုံးမှုကို မပြုဘူး။

မလှူပေမယ့် စည်းရုံးအားပေးသူက ရှေ့က ပြောခဲ့ပြီးနော်၊ ဥစ္စာရှားပေမယ့် အခြွေအရံ များတယ်။ တစ်ယောက်တစ်လက် ဝိုင်းဝန်းကူညီလို့ အရေးအကြောင်းဆို အဆင်ပြေဦးမယ်။

ခုတော့ ကိုယ်လည်းမလှူ သူများလှူဖို့အရေးလည်း အားမပေးဘူးဆိုတဲ့ ပုဂ္ဂိုလ်မျိုးကျတော့ အကျိုးပေးထင်ရှားရလာရင်၊ ဘယ်လိုအကျိုးများပေးလာမလဲဆိုရင် ဖြစ်ရာဖြစ်ရာ ရောက်ရာရောက်ရာ ဘဝတွေမှာ ဥစ္စာလည်း ရှားပါးလိမ့်မယ်။ အခြွေအရံလည်း ရှားပါးလိမ့်မယ်။ စားဝတ်နေရေး ခက်ခဲရတဲ့ကြားမှာ ကူညီမယ့်သူ မရှိတဲ့အတွက် အထီးကျန်ဘဝတွေမှာ ဆင်းရဲမွဲတေ နေရတတ်ပါတယ်။



ဥစ္စာပစ္စည်း ပြည့်စုံပေါများတာနဲ့ ရှားပါးတာနဲ့ဟာ ခြားနားတဲ့ အခြေအနေပါ။ ပစ္စည်းဥစ္စာ ပြည့်စုံတာကို လူတိုင်းလိုချင်တယ်၊ လူတိုင်းရချင်တယ်။ ပြည့်စုံမှုကြောင့် ကိုယ်စိတ်ချမ်းသာမှုကို ထိုက်သလောက် ရနိုင်ပါတယ်။

ဥစ္စာပစ္စည်းပြည့်စုံရင် အတော်အသင့် ချမ်းသာမှု ရှိပါတယ်။ ဥစ္စာမရှိရင်တောင်မှ အခြွေအရံ ပရိသတ် အပေါင်းအသင်း မိတ်ဆွေ သူငယ်ချင်းတွေ ကူညီမယ့်သူတွေ ဝန်းရံမယ့်သူတွေ ရှိမယ်ဆိုရင် အထိုက်အလျောက် စိတ်ချမ်းသာမှု ရပါတယ်။ တစ်ချို့ဆိုရင် ကိုယ့်မှာ မပြည့်စုံပေမယ့် ကူညီပံ့ပိုးသူတွေ အားကောင်းလို့ အထက်တန်း ရောက်သွားတာမျိုး တွေ့ရပါတယ်။

ကိုယ်မတတ်နိုင်ပေမယ့် အပေါင်းအသင်းတွေက ဝိုင်းဝန်းဆောင်ရွက်ပေး အကျိုးဆောင်ပေးကြလို့ ကိုယ့်ရဲ့ ဆွေမျိုး ညီအစ်ကို မောင်နှမ သူငယ်ချင်းတွေက ကိုယ့်ကိစ္စ လိုအပ်ချက်တွေကို ဖြည့်ဆည်း ဖြည့်စွက်ပေးကြလို့ အဆင်ပြေသွားကြတာတွေ ရှိပါတယ်။

လောကအလယ်မှာ ဥစ္စာပစ္စည်းကလည်း မပြည့်စုံ၊ မိတ်ဆွေအပေါင်းအသင်းလည်း မရှိ၊ ကျောထောက်နောက်ခံ သားသမီးလည်း မရှိလို့ ညှိုးညှိုးငယ်ငယ်နဲ့ ပင်ပန်းဆင်းရဲနေသူတွေကို မြင်ရတဲ့အခါ ကိုယ်လည်းမလှူ သူများကိုလည်း မလှူစေခဲ့တဲ့ အကျိုးဆက်ပဲလို့ သတိ သံဝေဂဝင် ဆင်ခြင်ရမှာပါ။ ကိုယ်တိုင် ဒီအဖြစ်မျိုးနဲ့ မကြုံဆုံရအောင် သတိထားပြီး ကုသိုလ်ပြုရမှာပါ။

## ကိုယ်တိုင်လှူ လှူစေခဲ့

နောက်ဆုံးတစ်မျိုးက ဒီဝိသာခါ အသင်းသူ အသင်းသားတွေနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့အချက်ပါ။

ဒီအသင်းသူ အသင်းသား ကုသိုလ်ရှင် ကောင်းမှုရှင်များလိုပဲ ဒီလောကမှာ တစ်ချို့တစ်ချို့သော သူတို့သည် ကိုယ်တိုင်လည်း ပေးလှူပါတယ်။ သူတစ်ပါးကိုလည်း တိုက်တွန်းအားပေးပါတယ်။ ပေးလှူခြင်း တိုက်တွန်းနှိုးဆော်ခြင်းဆိုတဲ့ အကြောင်းနှစ်ချက်နဲ့ ပြည့်စုံတဲ့ အလှူမျိုးမှာ ဘယ်လိုအကျိုးပေးသလဲ ဆိုတာကို မြတ်စွာဘုရားက ခုလို ဟောပြပါတယ်။



***မိမိလည်းလှူ သူများမူ ပေးလှူစေခဲ့ပါ။**
**ဥစ္စာခြွေရံ ပေါများလျှံ ဖြစ်ပြန်ဘဝမှာ။**

ကိုယ်တိုင်လည်းပဲ ဒါနကောင်းမှုကို ပြုပါတယ်။ သူတစ်ပါးကိုလည်း တိုက်တွန်းနှိုးဆော် အားပေးတယ်။ အဲဒီလို ကုသိုလ်ရှင် ကောင်းမှုရှင်တို့က အကျိုးတရား ခံစားရမယ်ဆိုရင် ဥစ္စာလည်း ပေါများပါလိမ့်မယ် အခြွေအရံလည်း များပါလိမ့်မယ်။

နောင်ဘဝ အကျိုးပေးတာ ခဏဖယ်ထားပြီး အခုလက်ရှိ ချက်ချင်းအကျိုးပေးတာပဲ ကြည့်လိုက်ပါ။ အသင်းသူ အသင်းသား (၄၀၀)ကျော် ဓမ္မမိတ်ဆွေတွေ ရင်းနှီးတဲ့သူတွေ အတူတကွ ပေါင်းစုပြီး ကုသိုလ်ကောင်းမှုပြုကြပါတယ်။

ဒီလေးရာကျော်သော အသင်းသူ အသင်းသားတွေဟာ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် လိုအပ်ချက်တွေကို ကူညီလို့ ဖြည့်ဆည်းလို့ နေကြတယ်။ တစ်ဦးနဲ့တစ်ဦး ညှိနှိုင်းလို့ တိုင်ပင်လို့ ခင်မင်ရင်းနှီးမှုတွေ တိုးလာကြတယ်။ ပိုပိုပြီး ရင်းနှီးအကျွမ်းဝင်တဲ့ မိတ်ဆွေ



ကောင်းတွေ ဖြစ်လာကြတယ် ဆိုတော့ အခြွေအရံ အသင်းအပင်းတွေ တိုးပွားများပြားလာကြတာ အမှန်ပါပဲ။

အခု ဒီနေရာ ရောက်နေကြသူ အားလုံးဟာ အလှူရှင်ချည်းပါပဲနော်။ ကိုယ်တိုင်လည်းပဲ ပေးလှူပါတယ်။ သူတစ်ပါးကိုလည်း လှူပါလို့တိုက်တွန်းတယ်။ လှူပါလို့ နှိုးဆော်ကြတယ်။

## တစ်နေ့ နှစ်ဆယ်ကျပ် စုပေါင်း

စတင်ဖွဲ့စည်းခါစက ဘုန်းကြီးသိသလောက် သိပ်မများပါဘူး။ အယောက် (၂၀)၊ (၂၅)ယောက်လောက်နဲ့ စတင်ခဲ့ကြတာပါ။ တစ်နှစ် နှစ်နှစ်အတွင်းမှာ တစစနဲ့ ကျယ်ပြန့်သွားလိုက်တာ အသင်းသူ အသင်းသား (၄၀၀)ကျော်တောင်ဖြစ်လာပြီတဲ့။ သိပ်ကို ဝမ်းသာစရာကောင်းပါတယ်။ ပြီးတော့ လှူတန်းတဲ့ ပမာဏကလည်း တဖြည်းဖြည်းနဲ့ များပြားတိုးတက်လာပါတယ်။ ၂၀၀၆ ခုနှစ် တစ်နှစ်ထဲမှာ ကောက်ခံရရှိတဲ့ အလှူငွေကို တွက်ကြည့်ရင် အလှူငွေ (၂၅)သိန်းကျော် ဖြစ်လာပါတယ်။ တစ်နေ့မှ ကျပ်(၂၀)နဲ့ ပေါင်းစုလိုက်တာ (၂၅)သိန်းကျော် ဖြစ်လာပါတယ်။

ဒီအတိုင်းအတာ ပမာဏကို တစ်ယောက်တည်း လှူပါ ဆိုလို့ရှိရင် လူတိုင်းလူတိုင်း လှူနိုင်ဖို့မလွယ်ပါဘူး။ အခု ဝိသာခါ အသင်းသူ အသင်းသားတွေ လှူဒါန်းထားတာတွေက နေရာစုံ အလှူမျိုးစုံ လှူဒါန်းထားတာတွေ့ရပါတယ်။ ဒီလောက် ကျယ်ပြန့်တဲ့ နေရာဌာနတွေမှာ ဒီလိုပြည့်ပြည့်စုံစုံ လှူဒါန်းဖို့ဆိုတာ ခဲယဉ်းပါတယ်။ တစ်ဦးတစ်ယောက်တည်း လှူဒါန်းနိုင်ဖို့ မလွယ်ပါဘူး။

အခုလို အသင်းသူ အသင်းသားတွေ အများနဲ့ ပေါင်းစုပြီးတော့ လှူဒါန်းလိုက်တဲ့အခါ ပင်လည်း မပင်ပန်းဘူး၊ ကိုယ့်အတွက် တာဝန်ကြီးတာလည်း မဟုတ်ဘူး၊ ကိုယ့်အတွက် ဝန်ပိတာလည်း မဟုတ်ဘဲနဲ့ ပေါ့ပေါ့ပါးပါးနဲ့ အောင်မြင်ပြည့်စုံတဲ့ ဒါနကောင်းမှုလည်း ဖြစ်လာပါတယ်။ ဒါဟာ ပေါင်းစုဒါနရဲ့ မြင်သာထင်သာ လက်တွေ့ပြနိုင်တဲ့ အကျိုးတရားပါ။

ပေါင်းစုဒါန ဆိုတဲ့အတိုင်း ပေါင်းပြီးတော့ လှူကြတာ စုပြီးတော့ လှူကြတာပါ။ သူ့အလှူ ကိုယ့်အလှူလို့ မခွဲခြားဘဲ သဘောဆန္ဒတွေ တိုက်ဆိုင်တူညီစွာ လှူဒါန်းကြတဲ့ ဒါနကောင်းမှုမျိုးပါ။



ဒါနကောင်းမှုနဲ့ ပတ်သက်လာရင် ဒါန မဖြစ်အောင် တားဆီးတဲ့ ဒါနရဲ့ အနှောင့်အယှက်၊ ဒါနရဲ့ အဟန့်အတား လေးမျိုးကို ဘုန်းကြီးတို့ ပရိသတ်သိထားသင့်ပါတယ်။ လောကမှာ ဒါနကောင်းမှု ပြုသူတွေ ရှိသလို မပြုသူတွေ ရှိပါတယ်။ အလှူဒါနကို အလွယ်တကူ ပြုနိုင်သူတွေရှိသလို မပြုနိုင်ကြသူတွေ ရှိပါတယ်။ ပေးကမ်း စွန့်ကြဲ လှူဒါန်းမှုကို ဝမ်းသာအားရ ပြုကြတာရှိသလို ပေးလှူရမှာကို တွန့်ဆုတ်နေတတ်ကြတာတွေလည်း ရှိပါတယ်။

**အလေ့အကျင့်နည်းနေ**

ဘာကြောင့် ဒါနကောင်းမှု မပြုနိုင်ကြ မပြုရဲကြတာလဲလို့ ဆိုရင် အဟန့်အတား အနှောင့်အယှက် လေးမျိုးကို မကျော်လွှားနိုင် မကျော် လွန်နိုင်လို့ပါ။

တစ် အချက်က ဟိုရှေးရှေးဘဝ သံသရာ တစ်လျှောက်မှာ ဒါနကောင်းမှု ပြုခဲ့တဲ့ အလေ့အထ အလေ့အလာ နည်းခဲ့ရင်လည်းပဲ ဒါနမပြုဖြစ်ဘူးလို့ တွေ့ရပါတယ်။



လှူတဲ့အကျင့်မရှိဘူး၊ လှူလေ့လှူထ မရှိဘူး၊ ဟိုးအရင်ဘဝတွေတည်းကိုက မလှူခဲ့ဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ပေးကမ်းလှူဒါန်းတဲ့ ဒါနကောင်းမှုကို အလွယ်တကူနဲ့ မပြုနိုင်ပါဘူး။ လှူရမှာ ဝါသနာမပါဘူးလို့ ဖြစ်လာတတ်ပါတယ်။

ကိုယ့်ရဲ့ဥစ္စာပစ္စည်းကို တခြားတစ်ဦးတစ်ယောက်ကို လှူရတန်းရတာကို သူ့အတွက် တာဝန်ကြီးတစ်ခုအနေနဲ့ ဝန်လေးနေပါတယ်။ လေးလံဖိစီးတဲ့ ကိစ္စကြီးတစ်ခုအနေနဲ့ စိတ်ထဲမှာ ကသိကအောက် ဖြစ်နေတတ်ပါတယ်။

အခု လစဉ်လတိုင်း လှူဒါန်းနေကြတဲ့ ဓမ္မမာမကာ ဝိသာခါအဖွဲ့ဝင် အလှူရှင်တွေကတော့ နေ့စဉ်နေ့တိုင်းဆိုသလို အမြဲတမ်း လှူနေတဲ့ အလှူတစ်ခု ရှိနေကြပါပြီ။ တစ်နေ့တစ်နေ့ကို သတ်မှတ်ချက်တစ်ခုနဲ့ပေါ့။ တစ်နေ့ဘယ်လောက်လဲဆိုရင် တစ်နေ့ ၂ဝ/- နှုန်းနဲ့ စုလိုက်တာ တစ်လ ၆ဝဝ/- ဖြစ်လာတယ်။ နေ့စဉ်လစဉ် လှူဖြစ်သွားကြပါတယ်။

လစဉ်လတိုင်း လျှုဒါန်းသွားတော့ ဒါနကောင်းမှု ပြုတဲ့ အလေ့အထကောင်းတစ်ခု ဖြစ်လာကြပါတယ်။ တခြားကောင်းမှုတွေ မပြုဖြစ်ရင်တောင် ဒါနကတော့ ဖြစ်နေကြပါတယ်။ ဒီအလေ့အထက ရှိနေတော့ ဒီအချိန်ကျလို့ရှိရင် မလှူရ မနေနိုင်ပါဘူး။ လှူချင် တန်းချင်တဲ့စိတ်တွေပေါ်လာကြပါတယ်။ လှူဒါန်းလိုတဲ့ ဒါနဝါသနာတွေ ဖြစ်ပေါ်လာကြပါတယ်။ အလေ့အကျင့်ကောင်းတွေ ရလာကြပါတယ်။ ဒါနပြုဖို့ ဝန်မလေးတော့ပါဘူး။ ဒါနပြုရမှာ အခက်အခဲ မရှိတော့ပါဘူး။

ဒါနမဖြစ်အောင် ဟန့်တားတဲ့သဘော ရှေးက ဒါန အလေ့အထ မရှိခဲ့ရင်တောင်မှ အခု အလေ့အကျင့်ကောင်းရလို့ ဒါနပြုဖြစ်နေကြပါပြီ။

## ကိုယ်ပိုင်ပစ္စည်းနည်းနေ

နှစ် အချက် ဒါနမဖြစ်တဲ့အကြောင်း ရှာကြည့်လိုက်မယ်ဆိုရင် ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းဝတ္ထု ကိုယ်ပိုင်ဥစ္စာက နည်းပါးနေရင်လည်း ဒါနမဖြစ်ကြပါဘူး။



ကိုယ်ပိုင်ပစ္စည်း နည်းတယ်။ လှူစရာမရှိဘူးဆိုတော့ မလှူနိုင်တော့တဲ့ သဘောပါ။ လှူတယ်ဆိုတာ ကိုယ်ပိုင်ပစ္စည်း လှူစရာတစ်ခုခုရှိမှ လှူဖြစ်တာပါ။ လှူတော့ လှူချင်ပါတယ်။ ဆွမ်းတော် အသာထားလို့ ဝမ်းတော်မှအနိုင်နိုင်လို့ ပြောကြတာ၊ ကိုယ့်စားဝတ်နေရေးကို ဦးစားပေးနေရလို့ လှူဖို့အရေးမှာ မတွေးနိုင်ကြတာတွေ ရှိလာပါတယ်။ လှူချင်ပေမယ့် မလှူနိုင်တာတွေ ဖြစ်လာပါတယ်။

မလှူလို့ မရှိ၊ မရှိလို့ မလှူ ဆိုသလို စွန့်လွှတ်လှူဒါန်းမှု မရှိခဲ့လို့ ပစ္စည်းဥစ္စာ ချို့ငဲ့တဲ့အတွက် လှူစရာ မရှိဘူး။ ပိုင်ဆိုင်တာ ဘာမှမရှိဘူး ။ ပိုင်ဆိုင်မှုက သိပ်ကို နည်းပါးတတ်ပါတယ်။ အလှူဖြစ်ဖို့ အခွင့်အရေး ရှားပါးနေတတ်ပါတယ်။

အခု ဓမ္မမာမကာ ဝိသာခါ အသင်းသူ အသင်းသားတွေ စုပေါင်းလှူတဲ့ ကောင်းမှုကျတော့ တစ်ဦးချင်း အနေနဲ့ ပိုင်ဆိုင်မှု ဘယ်လောက်ပဲနည်းနည်း၊ တစ်နေ့ တစ်နေ့ ပေါင်းစုလိုက်ပြီးတော့ တစ်လတစ်လ ဖြစ်လာ



တဲ့ ကုသိုလ် တစ်နှစ်လုံးပေါင်းစုလိုက်တဲ့ အချိန်ခါမှာ ပေါ်ထွက်လာတဲ့ အတိုင်းအတာ ပမာဏဟာ နည်းတယ်လို့ မပြောနိုင်တော့ပါဘူး။

တစ်လုံးတစ်ခဲတည်း တစ်ကြိမ်တည်း အဲဒီအတိုင်း အတာလောက် လှူပါဆိုရင် ဖြစ်နိုင်ချင်မှ ဖြစ်နိုင်မှာပါ။ တစ်ဦးချင်း တစ်ယောက်ချင်းဆိုရင် ဖြစ်လာချင်မှ ဖြစ်လာမှာပါ။

နေ့စဉ်နေ့တိုင်း လစဉ်လတိုင်း စုဆောင်းပြီးတော့ လှူလိုက်တော့ ကိုယ်ပိုင်ပစ္စည်း ကိုယ်ပိုင်ဒါနတွေ များလာပါတယ်။ တိုးပွားလာပါတယ်။ ဒါန အဟန့်အတား တစ်ခုကိုလည်း အောင်မြင်စွာ ကျော်လွှားသွားနိုင်ပါတယ်။

## ကိုယ်ပိုင်ပစ္စည်းကောင်းလွန်း

နောက်တစ်ခုက ဒါနကောင်းမှု မဖြစ်တာဟာ ကိုယ်ပိုင်ဆိုင်တဲ့ ဝတ္ထုပစ္စည်းက သိပ်ကို ကောင်းလွန်းနေရင်လည်း မပေးရက် မလှူရက်ဖြစ်နေတဲ့အတွက် အလှူဒါန မဖြစ်တော့တာပါ။

မရှိလို့ မလှူဖြစ်တာ မဟုတ်ပါဘူး။ ရှိလျက်သားနဲ့ မလှူနိုင်တဲ့ အခြေအနေမျိုးပါ။ ကိုယ်ပိုင်ပစ္စည်းက ရှိပါတယ်။ လှူစရာမရှိတာ မဟုတ်ဘူး။ လှူစရာ ပစ္စည်းက ရှိတယ်။ ဒါပေမယ့်လို့ လှူဖွယ်ပစ္စည်းဟာ မလှူချင်လောက်အောင် မလှူနိုင်လောက်အောင် မလှူရက်လောက်အောင် ကောင်းနေတယ်။ တန်ဖိုးရှိနေတယ်။

တော်ရုံသင့်ရုံ အဖိုးတန်တဲ့ ပစ္စည်းတစ်ခုကို ပေးလှူလိုက်ဖို့ မခက်ခဲပေမယ့် တန်ဖိုးသိပ်ကြီးတဲ့ပစ္စည်း၊ သိပ်ကောင်းနေတဲ့ပစ္စည်းဆိုရင် ပေးလှူလိုက်ရမှာ တွန့်ဆုတ်နေတတ်ပါတယ်။ ကိုယ်ကိုယ်တိုင် လိုချင် နှစ်သက်နေတဲ့ပစ္စည်း ဆိုလို့ရှိရင် လှူဖို့ တော်တော် ခက်ပါတယ်။ တန်ဖိုးမကြီးပေမယ့် ကိုယ်က တန်ဖိုးထားတဲ့ ပစ္စည်းကို ပေးလှူဖို့ ခက်ခဲပင်ပန်းပါတယ်။

ဘုန်းကြီးတို့ ဝိသာခါတွေက ပေ့ါပေ့ါပါးပါး နေ့စဉ် စုပြီးတော့ လှူသွားကြပါတယ်။ တစ်လပေါင်းလိုက်တဲ့ အခါကျတော့ အတိုင်းအတာ ပမာဏတွေ များလာ



တယ်။ တစ်နှစ်ပေါင်းလိုက်တဲ့အခါကျတော့ ပိုများလာတယ်။ နှစ်ပေါင်းများစွာ ကြာပြီဆိုရင် ကိုယ့်ဒါနစာရင်း ကိုယ်ပြန်ကြည့်ရင်တောင် တအံ့တသြ ရင်သပ်ရှုမော ဖြစ်ကြရမှာပါ။

"ဟာ ငါတို့ ဒီအတိုင်းအတာထိတောင် လှူခဲ့ပါလား၊ ဒီလောက်တောင်မှ ငါလှူဒါန်းခဲ့ပြီးပြီ။ ဒီလောက်တောင်မှ ဒါနကောင်းမှုတွေ ငါပြုခဲ့ပြီးပြီ။ ကိုယ့်ကိုယ်ကို ထင်တောင် မထင်ဘူး" လို့ ဝမ်းသာအားရ ဖြစ်ကြရမှာပါ။

## ကုန်သွားမှာကိုကြောက်

ဒါနရဲ့ အဟန့်အတား နောက်တစ်ချက်က ကိုယ်ပိုင်ပစ္စည်းဥစ္စာတွေ ကုန်ခမ်းသွားမှာ ကြောက်လို့ မလှူကြတာပါ။

ကုန်သွားတယ်ဆိုတာက တစ်ရာရှိ တစ်ရာ၊ တစ်ထောင်ရှိ တစ်ထောင်လို့ တစ်ပြားမကျန် ပေးလိုက် လှူလိုက်မှသာ ကုန်သွားမှာပါ။



ဒီနေ့ရှိသမျှ အားလုံးလှူပြီး နက်ဖြန်ဘာနဲ့စားမလဲ၊ ဘာနဲ့ဝတ်မလဲ၊ ဘယ်လိုအရင်းအနှီးထုတ် အလုပ်လုပ်မလဲ ဆိုတာတော့ တွေးသင့်ပါတယ်။ ကုန်မှာကြောက်သင့်ပါတယ်။ ဒါပေမယ့် ကိုယ့်ရှိသမျှ တစ်ပြားမကျန် ပြောင်စင်အောင် ဘယ်သူမှ လှူလေ့မရှိပါဘူး။ ရှိတဲ့အထဲက တစ်စိတ်တစ်ပိုင်းလေး လှူရုံနဲ့ကုန်မှာကို ကြောက်မနေသင့်ပါဘူး။

လှူလိုက်လို့ တကက်တကက်စင် ကုန်အောင် ပြောင်သွားတယ်ဆိုတဲ့ဖြစ်ရပ်မျိုး ခုလည်း မကြားဖူးပါဘူး။ ရှေးကလည်း မရှိခဲ့ဖူးပါဘူး။ သုံးလို့ ဖြုန်းလို့ ပျက်စီးလို့ စီးပွားပျက်သွားတယ် ဆိုတာတွေသာ ရှိပါတယ်။

ကိုယ်ပိုင်ဆိုင်တဲ့အထဲက နည်းနည်းချင်း နည်းနည်းချင်း စုပေါင်းပြီးတော့ လှူသွားတဲ့ ဒါနကောင်းမှုဟာ အတိုင်းအတာ ပမာဏ ကြီးမားများပြားစွာ ပေးလှူပေမယ့်လို့ စည်းစိမ်ချမ်းသာတွေ မလျော့သွားပါဘူး။ ကုန်သွားမှာလည်းပဲ ဘုန်းကြီးတို့ ပရိသတ် ကြောက်စရာ မလိုတော့ပါဘူး။

အခု လက်တွေ့ လျှုနေပေမယ့် ရှိတဲ့အထဲက လျော့နည်းမသွားတာ ကိုယ်တိုင် အသိအမြင်ပါပဲ။

စုပေါင်းဒါနရဲ့ အားသာချက်က အများကြီး ရှိပါတယ်။ တစ်ဦးတည်း တစ်ယောက်တည်း အနေနဲ့ မဆောင်ရွက်နိုင်တဲ့ ကုသိုလ်ကောင်းမှုမျိုးတွေ၊ တစ်ယောက်တည်း မလုပ်နိုင်တဲ့ အလုပ်ကိစ္စမျိုးတွေ၊ တစ်ယောက်ကောင်းနဲ့ မဖြစ်နိုင်တဲ့ ဒါနမျိုးတွေကို ပေါင်းစုတဲ့ အချိန်ခါမှာ အလွယ်တကူနဲ့ ပြုနိုင်ကြပါတယ်။ အလွယ်တကူနဲ့ အားထုတ်အောင်မြင်ကြပါတယ်။ ကောင်းကျိုးချမ်းသာတွေ အတူတကွ ရကြပါတယ်။

## စုပေါင်းအလှူရှင်များ

အဲဒီအကြောင်းကို ဘုန်းကြီးက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး လက်ထက်က အရှင်ကပ္ပိနရဲ့ ဘဝဇာတ်ကြောင်းနဲ့ပဲ နှိုင်းယှဉ်ပြီးတော့ ပြောချင်ပါတယ်။ မဟာကပ္ပိနမင်းနဲ့ သူ့မိဖုရား အနောဇာဒေဝီတို့ဟာ ကုသိုလ်ကောင်းမှုကို အတူတကွ ပြုခဲ့ကြတဲ့ စုပေါင်း ကုသိုလ်ရှင်တွေပါ။



ပဒုမုတ္တရ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သာသနာနောက်ပိုင်း ပဒုမုတ္တရ မြတ်စွာဘုရားရဲ့ သာသနာမရှိတော့တဲ့ အချိန်မှာ မဟာကပ္ပိနမင်းလို့ ဖြစ်လာမယ့် အမျိုးကောင်းသားနဲ့ အနောဇာဒေဝီရယ်လို့ ဖြစ်လာမယ့် အမျိုးကောင်းသမီးတို့ဟာ ယက္ကန်းသည်မျိုးရိုးမှာ ဖြစ်နေကြပါတယ်။

သူတို့ရွာတစ်ရွာလုံးဟာ ယက္ကန်းအလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုကြပါတယ်။ ဟိမဝန္တာနဲ့ မနီးမဝေးမှာ တည်ရှိနေတဲ့ ဗာရာဏသီပြည်ကြီးရဲ့ အစွန်အဖျားက ရွာငယ်လေးမှာ နေထိုင်ကြတာပါ။

## ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ

သာသနာပ ကာလမှာ ပွင့်ပေါ်တော်မူကြတဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ဟာ များသောအားဖြင့် ဟိမဝန္တာတောမှာ သီတင်းသုံးတော်မူကြပါတယ်။ မိုးတွင်းကာလ ရွာနားမြို့နားမှာနေပြီး ဝါကျွတ်တဲ့အချိန် ဆောင်းရာသီနဲ့ နွေရာသီမှာ တောထဲတောင်ထဲမှာပဲ သီတင်းသုံးတော်မူကြပါတယ်။ အရေအတွက်အားဖြင့်



ကြည့်လိုက်လို့ရှိရင်လည်း ပစ္စေကဗုဒ္ဓါ အရှင်မြတ် တစ်ထောင်လောက် ရှိတတ်ပါတယ်။

ဝါဆိုကာနီးတဲ့အချိန် မိုးဦးကျအချိန်ရောက်ရင် ဒီအရှင်မြတ်တွေဟာ တောထဲနေလို့ မဖြစ်တော့ပါဘူး။ ပွင့်လင်းရာသီမှာဆိုရင် သစ်ပင်အောက်နေလည်း ဖြစ်တယ်။ လိုဏ်ဂူထဲနေလည်းဖြစ်တယ်။ ချုံပုတ်ကြား သီတင်းသုံးလည်း ဖြစ်တာပါပဲ။ တောင်ကြား ချိုင့်ဝှမ်းမှာ နေလို့လည်း ဖြစ်တာပါပဲ။ လူသူကင်းရှင်းရာမှာ အေးချမ်းစွာ တရားချမ်းသာကို ခံစားပြီး နေကြတာပါ။

ဒါပေမယ့် မိုးဦးကျကာလ ရောက်ပြီဆိုတော့ နေ့စဉ်ရက်ဆက် မိုးရွာတော့မယ်။ အမိုးအကာလုံခြုံတဲ့ ကျောင်းဆိုတာမရှိရင် နေရေးခက်ပါတယ်။ နေရေးထိုင်ရေးအပြင် ဆွမ်းကိစ္စလည်း ပင်ပန်းပါတယ်။ အဲဒီတော့ အရှင်မြတ်များက မြို့နားရွာနား ဝါဆိုသီတင်းသုံးဖို့ ဗာရာဏသီပြည်က ဗာရာဏသီမင်းကြီးထံကို လာပြီးတော့ ကျောင်းဆောက် ဝေယျာဝစ္စပြုမယ့် ကုသိုလ်ရှင်တွေကို တောင်းခံပါတယ်။ ဝေယျာဝစ္စအမှုပြုဖို့ အလှူခံတော်မူကြပါတယ်။

"ဒကာတော်မင်းကြီး မိုးတွင်းကာလ သီတင်းသုံးရအောင် ကျောင်းအလိုရှိပါတယ်။ ကျောင်းဆောက်ဖို့ သစ်ဝါးတွေကတော့ တောထဲတောင်ထဲမှာ အဆင်သင့်ရှိပါတယ်။ ဒါပေမယ့်လို့ ဒီသစ်ဝါးတွေကို ခုတ်ပေးမယ့်သူ၊ ကျောင်းဆောက်ပေးမယ့်သူ၊ ဝေယျာဝစ္စ ဆောင်ရွက်မယ့်သူ မရှိပါဘူး။ ဒကာတော်မင်းကြီး စီစဉ်ပေးပါ။ ဝေယျာဝစ္စအလှူ လှူဒါန်းပါ" လို့ အလှူခံတော်မူကြချိန်မှာ မင်းကြီးမှာ မင်းရေးစိုးတာကိစ္စတွေ မအားမလပ်နဲ့ အလုပ်ရှုပ်နေပါတယ်။

"အရှင်မြတ်တို့ဘုရား ဒီနေ့တစ်ရက်တော့ သည်းခံတော်မူပါ။ နက်ဖြန်ခါလည်းပဲ တပည့်တော် လယ်ထွန်မင်္ဂလာပွဲ ကျင်းပစရာ ရှိနေသေးပါတယ်။ တိုင်းရေးပြည်ရေး ကိစ္စတွေက စီစဉ်ပြီးသားဖြစ်နေတော့ နက်ဖြန်ခါလည်းပဲ တပည့်တော် မအားသေးပါဘူးဘုရား။ နောက် နှစ်ရက် သုံးရက်ကြာမှ အရှင်ဘုရားတို့ ကြွလာတော်မူကြပါ" လို့ လျှောက်ထားလိုက်ပါတယ်။



ဘုန်းကြီးတို့ ပရိသတ် တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ဘုရင်ကြီး တစ်ခုတော့ သတိလစ်သွားပါတယ်။ အရှင်မြတ်တွေ နက်ဖြန်ခါကျလို့ရှိရင် နန်းတော်ကို ဆွမ်းခံကြွဖို့၊ ဆွမ်းဘုဉ်းပေးကြွဖို့လည်း မလျှောက်မိပါဘူး။

"နောက် နှစ်ရက် သုံးရက်နေမှ ပြန်ကြွလာပါ။ အခုတော့ မအားသေးပါဘူးဘုရား။ မလှူနိုင်သေးပါဘူး ဘုရား" ဆိုတော့ ဒီအရှင်မြတ်တွေကလည်း ဘာမှ ထပ်မံ မမိန့်ကြားဘဲ ပြန်ကြွလာကြပါတယ်။

နောက်တစ်နေ့မှာ မြို့တွင်းကို ဆွမ်းခံကြွတော်မူကြပါတယ်။ အဲဒီလိုဆွမ်းခံကြွတော့ ယက္ကန်းသည်ရွာကို ရောက်လာပါတယ်။ ရွာအကြီးအမှူးဖြစ်တဲ့ ယက္ကန်းသည်ကတော်ကြီးက အရှင်မြတ်တွေကို ဖူးတွေ့ရပါတယ်။ သူက သဒ္ဓါနဲ့ ပြည့်စုံသူ၊ ပညာနဲ့ ပြည့်စုံသူပါ။ အရှင်မြတ်တို့ကို ဖူးမျှော်ရတဲ့အခါ စိတ်ထဲမှာ ကြည်ညိုတဲ့ သဒ္ဓါစိတ်တွေ ဖြစ်လာပါတယ်။ လှူချင်တန်းချင်တယ်။ ကိုးကွယ်ဆည်းကပ်ချင်တယ်။ အနီးကပ် ရိုသေပူဇော်မှုတွေ ပြုချင်ပါတယ်။



ဒီအရှင်မြတ်တွေ သွားပုံလာပုံ နေပုံထိုင်ပုံကို အကဲခတ်ကာ သာမန်ပုဂ္ဂိုလ်တွေတော့ မဟုတ်နိုင်ဘူး။ တရားဓမ္မ ရှိတဲ့သူတွေ တရားဓမ္မ သိသူတွေလို့ သဘောပေါက် နားလည်ပါတယ်။ အရှင်မြတ်တွေကို ကြည်ညိုကိုးကွယ်ခြင်းအားဖြင့် ခုဘဝ နောင်ဘဝ ကောင်းကျိုးရမှာကို မျှော်မှန်းမိပါတယ်။

## သဒ္ဓါ ပညာ နှစ်မျိုးပြည့်စုံ

သူ့မှာဘာတွေရှိလဲ။ ဝိသာခါများ ကြည့်လိုက်ပါ။ သဒ္ဓါနဲ့ပညာ မျှတစွာ ရှိပါတယ်။ တစ်ချို့က သဒ္ဓါတရားပဲ ရှိတယ်။ ပညာအားနည်းတယ်။ သဒ္ဓါရှိပြီးတော့ ပညာအားနည်းရင်လည်း အလှူခံပုဂ္ဂိုလ်ကောင်းကို မရွေးချယ်တတ်ပါဘူး။ ပညာတော့ရှိပါရဲ့၊ သဒ္ဓါတရား မရှိဘူး ဆိုလို့ရှိရင်လည်း သူက ရွေးနေ စီစစ်နေတာနဲ့ပဲ အချိန်ကုန်သွားတယ်။ မလှူဖြစ် မတန်းဖြစ်ပါဘူး။

ပညာများပြီး သဒ္ဓါနည်းသူဟာ ဘယ်နေရာလှူရင် အကျိုးရှိမယ်၊ ဘယ်လိုလှူရင် ကောင်းမယ်၊ ဘယ်ပုဂ္ဂိုလ် ဘယ်နေရာ ဘယ်ဌာနလှူရင် ကောင်းမယ်

လို့ ရွေးချယ်စီစစ်မှုတွေများနေပြီး သဒ္ဓါအားနည်းတော့ အလှူ မဖြစ်ပါဘူး။

အမှန်တကယ် ထိရောက်တဲ့ ဒါနဖြစ်လာအောင် သဒ္ဓါနဲ့ပညာ ညီမျှရပါမယ်။ သဒ္ဓါနဲ့ပညာ ပြည့်စုံ ညီညွတ်ဖို့ လိုအပ်ပါတယ်။

ဘုန်းကြီးတို့ ဝိသာခါ အသင်းသူ အသင်းသား တွေ မှတ်ထားပါ။ လူတိုင်းလူတိုင်းမှာ တကယ်လိုအပ်တာ သဒ္ဓါနဲ့ပညာပါ။ ကြည်ညိုမှုလည်း ရှိရမယ်။ ဆင်ခြင်နိုင်တဲ့ ပညာလည်းရှိရပါမယ်။ ဒါပေမယ့် ဘုန်းကြီးတို့ ပရိသတ်ကို အထူးတိုက်တွန်းဖို့ မလိုအပ်ပါဘူး။ တရားတွေ နာပြီးသား၊ ဗဟုသုတတွေ ရှိထားကြပြီးသား။

သဒ္ဓါပညာပြည့်စုံကြတဲ့သူတွေဆိုတော့ လိုအပ်ရာ လိုအပ်ရာ ကျောင်းတိုက်အသီးသီးမှာ လှူဒါန်းကြပါတယ်။ ဘယ်ဆရာတော်မှ ဘယ်သံဃာတော်မှ ဒီလို မခွဲခြားပါဘူး။ သံဃာတော်အားလုံးကို ကြည်ညိုတတ်ကြတယ်။ ဘယ်နေရာ ဘယ်ဌာနမှာတော့ဖြင့် ဘယ်လို



လှူဖွယ်ပစ္စည်းတွေ လိုအပ်မယ်၊ ဘယ်ကျောင်းတိုက်ကတော့ အဆောက်အဦး လိုအပ်မယ်။ ဘယ်ကျောင်းတိုက်ကတော့ ဆွမ်းလိုအပ်တယ် စသဖြင့် အတွင်းကျကျ သိကြတဲ့အတွက် ဘယ်ကျောင်းတိုက်အတွက်က ကျောင်းအလှူ ဘယ်ကျောင်းတိုက်အတွက်ကတော့ဖြင့် ဆွမ်းအလှူ ဘယ်ဌာနမှာဖြင့် သင်္ကန်းအလှူ စသည်ဖြင့် စီစစ်ရွေးချယ်ပြီးတော့ ထိုက်ရာထိုက်ရာမှာ သင့်သလို စီမံပြီး လှူဒါန်းနိုင်ကြတာဟာ သဒ္ဓါပညာ နှစ်မျိုး ပြည့်စုံလို့ပါ။

အဲဒီ ယက္ကန်းသည်ကတော်ကြီးကလည်း သဒ္ဓါ ပညာ ပြည့်စုံသူဆိုတော့ အရှင်မြတ်တွေကို မြင်လျှင်မြင်ချင်းပဲ ကြည်ညိုတယ်။ ကြည်ညိုရုံမက ဒီအရှင်မြတ်တွေဟာ တရားထူး တရားမြတ်ရှိတဲ့ အရှင်မြတ်တွေ ဖြစ်ပါလိမ့်မယ်လို့ မှန်းဆနားလည်ပြီး ရိုသေစွာ ရှိခိုးဦးချလို့ လျှောက်ထားပါတယ်။

"အရှင်ဘုရားတို့ မနက်ဖြန်ခါကျရင် တပည့်တော်တို့ရွာကို ဆွမ်းခံကြွတော်မူပါဘုရား၊ တပည့်တော်မနဲ့



တကွ ရွာသူရွာသားတွေအားလုံး စုပေါင်းကာ ဆွမ်းလှူဒါန်းချင်ပါတယ်ဘုရား" လို့ လျှောက်ထားလိုက်ပါတယ်။

## ဆွမ်းအလှူ အောင်မြင်

ကြွလာတဲ့အရှင်မြတ်က တစ်ထောင်ဆိုတော့ တစ်ယောက်တည်းဆိုရင် တာဝန်ယူဖို့ မလွယ်ဘူးနော်။ ကိုယ့်တစ်အိမ်တည်းနဲ့ အရှင်မြတ်တစ်ထောင်ကို ဆွမ်းလှူပါဆိုရင် တာဝန်က သိပ်ကြီးသွားပါပြီ။ သဒ္ဓါရှိပေမယ့် ဖြစ်နိုင်ဖို့ခက်ပါတယ်။

သံဃာတစ်ထောင် ဆွမ်းကပ်ဖို့ တစ်ဦးတည်း ချက်ဖို့ပြုတ်ဖို့ဆိုရင် စီစဉ်ရတာ ခက်ခဲပါတယ်။ ဒီတော့ သူက စဉ်းစားတယ်။ "တို့ရွာမှာ အိမ်ခြေတစ်ထောင် ရှိတယ်။ ယက္ကန်းသည်တွေ တစ်အိမ်ကို အရှင်မြတ် တစ်ပါး တာဝန်ယူ လှူဒါန်းမယ်ဆိုရင် ဖြစ်နိုင်တယ်။ အရှင်မြတ်တစ်ထောင်ကို လှူဒါန်းတဲ့ ဒါနကောင်းမှုမှာ အိမ်ခြေတစ်ထောင်က ခွဲဝေတာဝန်ယူကြရင် ခက်ခဲမှုဆိုတာ မဖြစ်နိုင်ဘူး" လို့ တွေးတောစဉ်းစားပြီး ပင့်လျှောက်လိုက်တာပါ။

အားလုံးအတူ စုပေါင်းကုသိုလ်ယူကြမယ်ဆိုရင် အလွယ်တကူနဲ့ ဒီဒါန ဒီကောင်းမှုကို ပြုနိုင်ပါလိမ့်မယ်။ တစ်အိမ်တစ်ပါး တစ်အိမ်တစ်ပါးနဲ့ စုပေါင်းလိုက်တော့ တစ်ထောင် အတိုင်းအတာ ပမာဏအထိ များသွားပါတယ်။ ကြီးကျယ်တဲ့ အတိုင်းအတာ ပမာဏ တစ်ခု ဖြစ်လာပါတယ်။ ဒါဟာ ပေါင်းစုခြင်းရဲ့ အင်အားပါ။ ညီညွတ်ခြင်းရဲ့ စွမ်းဆောင်အားပါ။

"မနက်ဖြန် ဆွမ်းခံကြွပါဘုရား၊ ဆွမ်းဆက်ကပ်ချင်ပါတယ်၊ ဆွမ်းလှူဒါန်းချင်ပါတယ်ဘုရား" လို့ လျှောက်ထားပြီးတော့ ရွာပြန်ရောက်တဲ့အချိန်မှာ ခင်ပွန်းနဲ့ဆွေးနွေးပြီး တစ်ရွာလုံးရှိသမျှ အကုန်လုံးခေါ်ပြီးတော့ ပြောပြတိုင်ပင်ပါတယ်။ အကြောင်းသိချင်းရင်းနှီးတဲ့သူတွေ ဖြစ်နေကြတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောကြားကာ အစီအစဉ်ကို တင်ပြပါတယ်။

"ငါကတော့ဖြင့် အရှင်မြတ်တွေကို ဆွမ်းဘုဉ်းပေးဖို့ ပင့်ခဲ့ပြီးပြီ။ အရှင်မြတ်တစ်ထောင်အတွက် ငါတစ်ယောက်တည်းလည်း မဖြစ်နိုင်ဘူး၊ မတတ်နိုင်ဘူး။



အဲဒီတော့ ဝိုင်းဝန်းပြီးတော့ လှူဒါန်းကြစို့၊ စုပေါင်းပြီးတော့ ကုသိုလ်ယူကြစို့" လို့ ပြောလိုက်ရင်ပဲ တစ်ရွာလုံးက ကျေနပ်အားရ လက်ခံကြပါတယ်။ စိတ်တူကိုယ်တူ ကုသိုလ်ယူဖို့ သဘောတူညီကြပါတယ်။

နောက်နေ့မှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ထောင် ကြွလာပါတယ်။ တစ်အိမ်တစ်ပါး တာဝန်ယူပြီး လှူလိုက်ကြတာ ဆွမ်းလှူတဲ့ကိစ္စဟာ ပေါ့ပေါ့ပါးပါးနဲ့ ပြီးသွားပါတယ်။ အောင်အောင်မြင်မြင် ဖြစ်သွားပါတယ်။

### ကျောင်းအလှူ ဆက်လှူ

ဆွမ်းလှူတဲ့ကိစ္စ အောင်မြင်သွားပြီးတော့ မေးလျှောက်ကြပါတယ်။ "အရှင်ဘုရားတို့ ဘယ်အရပ်ဒေသ ဘယ်နေရာ ဘယ်ဌာနမှာ သီတင်းသုံးကြတာပါလဲဘုရား" ဆိုတော့ အရှင်မြတ်တွေက "တို့ကတော့ ဟိမဝန္တာတောမှာ နွေရာသီနဲ့ ဆောင်းရာသီမှာ သီတင်းသုံးကြပါတယ်။ မိုးတွင်းကာလမှာတော့ နေရေးထိုင်ရေး အစစအရာရာ ခက်ခဲလို့ မြို့နားရွာနားမှာ



သီတင်းသုံးဖို့ လာကြတာပါ။ ဗာရာဏသီမင်းကြီးထံမှာ အကျိုးအကြောင်း ပြောပြီးတော့ ကျောင်းဆောက်ရန်အတွက် ဝေယျာဝစ္စကုသိုလ် အလှူခံထားပါတယ်။

ဒါပေမဲ့ မင်းကြီးက နောက် နှစ်ရက် သုံးရက်မှ ကြွခဲ့ပါဘုရားလို့ လျှောက်ထားလိုက်ပါတယ်" လို့ မိန့်ကြားကြတော့ ယက္ကန်းသည် အကြီးအမျှူး ဇနီးမောင်နှံက ပညာရှိတဲ့ပုဂ္ဂိုလ်ဆိုတော့ အခြေအနေကိုသိပြီး ဒီအရှင်မြတ်တွေမှာ ဝါတွင်းသီတင်းသုံးဖို့ ကျောင်းသင်္ခမ်းဆိုတာ လိုအပ်နေတယ်။ မိုးလေးလ ကာလပတ်လုံးမှာ သီတင်းသုံးဖို့ ကျောင်းဆိုတာ မရှိမဖြစ် လိုနေတယ်။ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းလှူဒါန်းရင် အကျိုးများမှာပဲ။ ကုသိုလ်ထူးမှာပဲ" လို့ သဘောပေါက်နားလည်ကြပါတယ်။

အဲဒီတော့ "ဒီပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ထောင် သီတင်းသုံးရအောင် ကျောင်းကို တစ်ဦးတည်း ဆောက်လုပ်လှူဒါန်းမယ်၊ တစ်ယောက်တည်းက တာဝန်ယူ လှူဒါန်းမယ်ဆိုရင် သိပ်ကိုတာဝန်ကြီးမှာပဲ။ သိပ်ကို ပင်ပန်းခက်ခဲမှာပဲ။ လိုအပ်တဲ့ပစ္စည်း ပြည့်စုံ

နိုင်ဖို့လည်း မလွယ်ဘူး။ လုပ်အားလည်း မပြည့်စုံနိုင်ဘူး။ အချိန်မီ ပြီးစီးဖို့လည်း ခက်လိမ့်မယ်။

တို့ရွာမှာ အိမ်ခြေတစ်ထောင် ရှိတာပဲ။ အိမ်တိုင်း အိမ်တိုင်းမှာရှိနေတဲ့ ယက္ကန်းသည် မိသားစုတွေအားလုံး ညီညီညာညာနဲ့ တစ်နေ့လောက် အလုပ်ပျက်ခံပြီးတော့ တောထဲသွား ဝါးခုတ် ဖက်ခုတ် သစ်ခုတ်ပြီး တစ်ပါးစာ ကမ္မဋ္ဌာန်းကျောင်းလေးတစ်လုံးစီ ဆောက်လုပ်ပြီး လှူရင်တော့ဖြင့် မဖြစ်နိုင်စရာ မရှိဘူး။ ဖြစ်ကို ဖြစ်ရမှာပဲ” လို့ ကြံစည်စိတ်ကူးပြီးတော့ အားလုံးတိုင်ပင်ကြပါတယ်။

ရွာသူရွာသားတွေ ညီညီညာညာနဲ့ အားလုံး စုပေါင်းတိုင်ပင်ပြီး ကန့်ကွက်မယ့်သူမရှိ၊ အကုန် သဘောတူကြတော့ နောက်တစ်နေ့မှာ တစ်အိမ် တစ်ကျောင်း ဆောက်လုပ်ဖို့ တောထဲသွား သစ်ဝါးခုတ် ပြီး သစ်ရွက်မိုး လေးတိုင်စင်ကျောင်းလေးတွေ အသီးသီး ဆောက်လုပ်ကြပါတယ်။ ကျောင်းတစ်ထောင်ပြီးတဲ့ အချိန်မှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ထောင်ကို ပင့်ပြီး တော့ ကျောင်းလှူကြပါတယ်။



## ပစ္စည်းလေးပါး လှူဒါန်း

ပထမဦးဆုံး ဆွမ်းလှူတယ်။ ပြီးတော့ ကျောင်းလှူ ပါတယ်။ “အရှင်မြတ်တို့ ဝါတွင်းသုံးလတာကာလမှာ ဒီကျောင်းမှာ ချမ်းချမ်းသာသာနဲ့ သီတင်းသုံးကြပါ ဘုရား။ ဝါတွင်းသုံးလကာလမှာ တပည့်တော်တို့တွေ အရှင်ဘုရားတို့အတွက် လိုအပ်သမျှ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးကို တာဝန်ယူပါတယ်။ လှူဒါန်းချင်ပါတယ်ဘုရား” လို့ လျှောက်ထားကာ ဆွမ်းဒကာ ကျောင်းဒကာတွေ ဖြစ်လာကြပါတယ်။

တစ်ဝါတွင်းလုံးမှာလည်း ဒါနကောင်းမှု သီလ ကောင်းမှုတွေကို ပြုကြပါတယ်။ တရားဓမ္မ နာယူ ကျင့်သုံးကြပါတယ်။ လိုအပ်တဲ့ ဝေယျာဝစ္စကုသိုလ်တွေ ဆောင်ရွက်ရယူကြပါတယ်။

အရှင်မြတ်များ သီတင်းသုံးတော်မူတဲ့အတွက် အရှင်မြတ်များကို အကြောင်းပြုပြီး ကုသိုလ်ကောင်းမှု တွေ ဖြစ်ခွင့်ရကြတာပါ။ တစ်ဝါတွင်းလုံး ကုသိုလ်စိတ် တွေ ဖြစ်ပွားကြရတာပါ။



ဝါလကင်းလွတ် သီတင်းကျွတ်တဲ့အခါ အရှင်မြတ် တွေ မူလ သီတင်းသုံးရာ ဟိမဝန္တာတော ပြန်ကြွတော့ မယ်ဆိုတဲ့ အချိန်မှာ လိုအပ်တဲ့ သင်္ကန်းကိုလည်း ပေးလှူ ကြပြန်ပါတယ်။ တစ်အိမ်ကို သင်္ကန်းတစ်စုံ၊ တစ်ပါးကို သင်္ကန်းတစ်စုံ ဆိုသလို တာဝန်ယူ ပေးလှူကြပြန်ပါ တယ်။ စုပေါင်းအလှူ ကုသိုလ်ကောင်းမှုကို ပြုပြီးတော့ ဒီဘဝကနေ နောင်ဘဝ၊ နောင်ဘဝကနေ နောင်ဘဝ၊ ဘဝပေါင်းများစွာ သံသရာမှာ ကျင်လည်ကြတဲ့အချိန် မှာ ဘယ်တော့မှ အောက်တန်းနောက်တန်းကျတဲ့ ဘဝ ကို သူတို့အားလုံး မရောက်ကြပါဘူး။ ဆင်းရဲနိမ့်ကျတဲ့ ဘဝမှာ မဖြစ်ကြရပါဘူး။ အဆင့်အတန်းမြင့် အထက်တန်း ကျတဲ့ ဘဝတွေမှာသာ ပျော်ပျော်ပါးပါး စည်းစိမ်ချမ်းသာ ခံစားကြရပါတယ်။

အကုန်လုံး နတ်ပြည်ရောက်ရင်လည်းပဲ တစ်ဖွဲ့ကြီး ပေါ့။ သူတို့တစ်ထောင်လုံး မိသားစုတွေ ပြန်ဖြစ်ကြပါ တယ်။ အတူတကွ ကုသိုလ်ကောင်းမှု ပြုခဲ့ကြတဲ့သူတွေ ပြန်ဆုံကြပါတယ်။

လူ့ပြည်ရောက်လာကြတဲ့ အချိန်ကျရင်လည်း တစ်သီးတစ်ခြားစီ မဟုတ်ကြပါဘူးတဲ့။ ပြန်ပြီးတော့ ပေါင်းဆုံကြရတယ်။ ညီညီညာညာ ပေါင်းစုမိတတ်ကြပါတယ်။

လူ့ပြည်ကနေ နတ်ပြည်၊ နတ်ပြည်ကနေ လူ့ပြည်၊ စုန်ချည်ဆန်ချည်နဲ့ သံသရာလည်ချိန်မှာ ဆင်းရဲဒုက္ခတွေနဲ့ ဘေးရန်အန္တရာယ်တွေ ဘာကိုမှ မကြုံရဘဲ ကောင်းကျိုးချမ်းသာတွေသာ ရကြပါတယ်။ ချမ်းသာသုခ အဝဝကို ခံစားကြရပါတယ်။

**ကဿပမြတ်စွာဘုရားလက်ထက်**

ဘဝပေါင်းများစွာ ကျင်လည်ရာကနေ ဘယ်ရောက်လာတုန်းဆိုတော့ ကဿပမြတ်စွာဘုရားလက်ထက် ကဿပမြတ်စွာဘုရား သာသနာ ရောက်လာတော့လည်း အကုန်လုံး တတွဲတွဲပါပဲတဲ့။ ဟိုတုန်းက ဇနီးမောင်နှံတွေ အခု ဇနီးမောင်နှံ ပြန်ဖြစ်လာကြပါတယ်။



ဟိုတုန်းက ရင်းနှီးခင်မင်တဲ့ မိတ်ဆွေ သူငယ်ချင်းတွေလည်း အခု ရင်းနှီးခင်မင်တဲ့ မိတ်ဆွေ သူငယ်ချင်းတွေဘဝနဲ့ ပြန်ဆုံကြပြန်ပါတယ်။ ဟိုတုန်းက ကုသိုလ်အတူပြုခဲ့သူတွေ တစ်ဖွဲ့ကြီး တစ်စုတစ်ဝေးတည်း ချစ်ချစ်ခင်ခင်နဲ့ ပြန်ဆုံတွေ့ကြရတာဟာ ဝမ်းသာစရာကြီးပါ။

ကဿပမြတ်စွာဘုရားရှင်ထံမှာ အမြဲမပြတ် တရားတော်တွေ နာကြားကြတယ်။ ကုသိုလ်ကောင်းမှုတွေပြုကြတယ်။ ဆွမ်းလှူကြ သင်္ကန်းလှူကြနဲ့ ဒါနမှုတွေ ပြုခဲ့ကြပြန်ပါတယ်။

တစ်နေ့ မိုးတွင်းကာလ တရားနာသွားကြတော့ မြတ်စွာဘုရားရှင် တရားဟောပြီးချိန်မှာ ရုတ်တရက် မိုးက အကြီးအကျယ် ရွာချပါတယ်။ မိုးရွာချိန်မှာ ကျောင်းတိုက်ထဲက သံဃာတွေနဲ့ ရင်းနှီးခင်မင်တဲ့ တစ်ခြားတစ်ခြားသောသူတွေက မိမိတို့နဲ့ ရင်းနှီးတဲ့ ကျောင်း၊ ရင်းနှီးတဲ့ သံဃာတော်တွေရှိတဲ့ ကျောင်းတွေကို သွားပြီးတော့ မိုးခိုကြပါတယ်။ ခဏနားနေကြပါတယ်။



ကျောင်းကြီးကျောင်းငယ် အသွယ်သွယ်ကို ဆောက်လုပ်လှူဒါန်းထားကြတဲ့ ကျောင်းဒကာ ကျောင်းဒကာမတွေလည်း ကျောင်းဝင်းကြီးထဲမှာ သူတို့ လှူဒါန်းထားကြတဲ့ ကျောင်းတွေ၊ သူတို့ဆောက်လုပ်ထားကြတဲ့ ကျောင်းတွေမှာ မိုးခိုနေကြပါတယ်။ ရင်းနှီးလွတ်လပ်စွာနဲ့ နေကြပါတယ်။

ဒါပေမယ့်လို့ ပြောခဲ့တဲ့ ယက္ကန်းသည်ဘဝကနေ ဒီဘဝကို ရောက်လာကြပြီး သူဌေးသူကြွယ်ဖြစ်နေကြတဲ့ သူတို့တစ်ဖွဲ့ကတော့ ကျောင်းမလှူရသေးဘူး။

ကဿပဘုရားရှင်ထံမှာ ကျောင်းမလှူဖူးသေးဘူးပေါ့။ အဲဒီတော့ ဘယ်နားသွားလို့ သွားရမှန်းမသိ၊ ဘယ်နားနေလို့ နေရမှန်းမသိနဲ့ မျက်နှာငယ်နေတော့ သူတို့အချင်းချင်း တိုင်ပင်ကြပါတယ်။

“သူများတကာတွေ အသီးသီး သူတို့လှူဒါန်းထားတဲ့ကျောင်းကို သူတို့ ရင်းရင်းနှီးနှီး သွားကြတဲ့

အချိန်မှာ၊ ရင်းနှီးတဲ့ ကိုရင် ဦးပဥ္ဇင်းတွေရှိတဲ့ကျောင်း အသီးသီး သွားကြချိန်မှာ ငါတို့မျက်နှာငယ်လိုက်တာ ငါတို့လည်း ကျောင်းအလှူ လှူဒါန်းမှ ဖြစ်မယ်” လို့ တွေးဆတိုင်ပင်ကြပါတယ်။

“တို့လည်းပဲ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးထံမှာ ဘုရားရှင် သီတင်းသုံးနိုင်အောင် ကျောင်းဆောက်လုပ်လှူဒါန်းမယ်။ သံဃာတော် အရှင်မြတ်တွေလည်း သီတင်းသုံးရအောင် ငါတို့လည်းပဲ စုပေါင်းကာ ကျောင်းလှူကြမယ်” လို့ ဆုံးဖြတ်ကြပါတယ်။

ကျောင်းအလှူဖြစ်မြောက်ရေးအတွက် အားလုံးဝိုင်းဝန်းပြီးတော့ အချိုးကျထည့်ဝင်ပြီးတော့ ကုသိုလ်ကောင်းမှုတွေ အတူတကွ ပြုကြပြန်ပါတယ်။ ပေါင်းစုပြီးတော့ ကျောင်းအလှူကို ထပ်မံဖြည့်စွက်ကြပါတယ်။ ထပ်မံ ကုသိုလ်ပြုကြပြန်ပါတယ်။ ဒီတစ်ကြိမ် လှူဒါန်းတဲ့ ဒါနကောင်းမှုကလည်းပဲ တစ်ဦးတည်း သီးခြားလှူတာ မဟုတ်ပါဘူး။ စုပေါင်းဒါနကိုပဲ ထပ်ပြုဖြစ်ကြတာပါ။



သူတို့ရဲ့ ကုသိုလ်ကောင်းမှုတွေကို သတိထားကြည့်ရင် စုပေါင်းဒါနတွေကို အကြိမ်ပေါင်းများစွာ ဘဝပေါင်းများစွာ အတူတကွ ပြုခဲ့ကြတယ်လို့ တွေ့မြင်ရမှာပါ။

**မဟာကပ္ပိနမင်းနဲ့ အနောဇာဒေဝီ**

ဂေါတမမြတ်စွာဘုရားလက်ထက် အခု ဘုန်းကြီးတို့ မြတ်စွာဘုရားရှင်ရဲ့ သာသနာ ရောက်လာတဲ့အခါကျတော့ ယက္ကန်းသည်အကြီးအမှူးသည် ကုက္ကုဋဝတီမင်းနေပြည်မှာ မဟာကပ္ပိနမင်း ဖြစ်လာပါတယ်။ သူနဲ့အတူတကွ ဘဝပေါင်းများစွာ ကုသိုလ်ကောင်းမှုအတူတကွပြုခဲ့တဲ့ ယက္ကန်းသည် ကြီးမှူးကတော်ဖြစ်ခဲ့တဲ့ အမျိုးသမီးကလည်း အနောဇာဒေဝီ မိဖုရားကြီး ဖြစ်လာပါတယ်။

မဟာကပ္ပိနမင်းနဲ့ အနောဇာဒေဝီတို့ ဒီဘဝမှာလည်း ပြန်ဆုံကြပြန်ပါတယ်။ စိတ်တူကိုယ်တူနဲ့ ကုသိုလ်ကောင်းမှုတွေ ပြုခဲ့တဲ့သူတွေ ဒီဘဝမှာလည်း ပြန်ဆုံကြ



ပြန်ပါပြီ။ ဟိုတုန်းက ယက္ကန်းသည်တို့ဟာလည်း အခုချိန် အခုခါမှာ မင်းညီမင်းသားတွေ ဖြစ်လာကြပါတယ်။ မှူးမတ် သေနာပတိတွေ ဖြစ်လာကြပါတယ်။ နန်းတော်ကြီးတစ်ခုလုံး ကြည့်လိုက်မယ်ဆိုရင် ဆွေတော်မျိုးတော်တွေ အားလုံးဟာ ကုသိုလ်ကောင်းမှု အတူတကွ ပြုခဲ့ကြတဲ့သူတွေ ဖြစ်နေကြပါတယ်။

တစ်နိုင်ငံလုံး ကြည့်လိုက်မယ်ဆိုရင်လည်း ရှေးက အတူတကွ ကုသိုလ်ကောင်းမှုတွေ ပြုခဲ့ဖူးတဲ့သူတွေ အခုတစ်ခါ တစ်ဘဝ အတူတူ ပြန်ဆုံကြပြန်တာပါ။

ကုသိုလ်ကောင်းမှုတွေ များစွာပြုခဲ့ကြ၊ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးနဲ့ နီးစပ်ခဲ့ကြတော့ ဒီဘဝမှာ ကြည့်လိုက်ရင် သူတို့မှာ ပါရမီတွေက ရင့်သန်နေပါပြီ။ ပါရမီရှိတဲ့သူတွေမို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့သာ တွေ့ရမယ်ဆိုရင် ကျိန်းသေဧကန် တရားရကြမှာပါ။ ပါရမီတွေ ပြည့်ဝနေကြတဲ့ နောက်ဆုံးဘဝ အချိန်ကာလပါ။

ပစ္ဆိမဘာဝိက ဖြစ်ကြတဲ့အတွက် ဒီဘဝဟာ သူတို့အတွက် ပုထုဇဉ်ဘဝဇာတ်သိမ်းမယ့် ဘဝပါ။ အရိယာဘဝကို ရောက်ကိုရောက်မယ့် အနေအထား ရှိနေကြပြီဖြစ်တဲ့ သူတို့ရဲ့စိတ်၊ သူတို့ရဲ့ နှလုံးသားတွေဟာ တရားဓမ္မကို မျှော်လင့်နေကြပါတယ်။ တရားဓမ္မနဲ့ ထိတွေ့ခွင့်ကို စောင့်ဆိုင်း တောင့်တနေကြပါတယ်။

အရင့်အရင်ဘဝတွေထဲက ထုံမွမ်းလာကြတဲ့ သဒ္ဓါတရားရဲ့ စေ့ဆော်မှုကြောင့် ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို စိတ်ထဲမှာ ကြည်ညိုနေကြပါတယ်။

ဒါပေမယ့်လို့ ဘုရားဆိုတာလည်း မဖူးရသေးပါဘူး။ တရားဆိုတာလည်း မကြားနာရသေးပါဘူး။ သံဃာဆိုတဲ့ စကားသံကိုတောင် သူတို့သည် တစ်ကြိမ်တစ်ခါမှ ကြားခွင့်မရကြသေးပါဘူး။

မဟာကပ္ပိနမင်းကြီးဟာ ဘုရား တရား သံဃာ ရတနာသုံးပါးနဲ့ ဆက်စပ်ပြီး ထူးခြားဆန်းပြားတဲ့ သတင်း



စကားကြားရရင် သူ့ဆီအရောက် အမြန်ဆုံး သံတော်ဦးတင်ဖို့အတွက် မြင်းသည်ကျော်တွေ စေလွှတ်ပြီး အရပ်လေးမျက်နှာကို စုံစမ်းခိုင်းလေ့ ရှိပါတယ်။

နိုင်ငံရပ်ခြား တိုင်းတစ်ပါး တစ်ခြားတစ်ခြားတိုင်းပြည်က ကုန်သည်တွေ ဒီတိုင်းပြည်ရောက်လာချိန်မှာ အထူးအဆန်းစကား သတင်းထူး ကြားလို့ရှိရင်လည်း သူ့ဆီကို အကြောင်းကြားဖို့ မှာကြားထားပါတယ်။

## ဘုရားပွင့်ပြီ သတင်းကြား

တစ်နေ့ကျတော့ မဟာကပ္ပိနမင်းနဲ့ အမတ်တစ်ထောင် မြင်းကိုယ်စီ စီးပြီးတော့ မြို့ထဲကို တိုင်းခန်းလှည့်လည်ကာ မင်းဥယျာဉ်ကို သွားကြပါတယ်။

ဒီအချိန်မှာ ကုန်သည်တွေကလည်း သာဝတ္ထိပြည်ကနေ ရောက်လာကြတယ်။ ကုက္ကုဋဝတီနေပြည်တော်နဲ့ သာဝတ္ထိပြည် နေပြည်တော်ဟာ ယူဇနာပေါင်း ၁၂၀၊ မိုင် ၁၅၀၀ လောက် ဝေးပါတယ်။ ခုခေတ်လို စက်တပ်



ယာဉ်တွေ မဖွံ့ဖြိုးသေးဘဲ တစ်နေရာနဲ့ တစ်နေရာကို လှည်းတွေ လှေတွေနဲ့သာ သွားရချိန်မို့ ခြေလျင်သွားမယ်ဆိုရင်တော့ မိုင် ၁၅၀၀ ခရီးဟာ ရက်၊ လ တော်တော် အချိန်ပေးရမယ် ထင်ပါတယ်။ သူ့ခေတ်သူ့အခါအရတော့ တော်တော်ဝေးတဲ့ခရီးလို့ ပြောရမှာပါ။

တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကူးသန်းဆက်သွယ်မှုမှာ ကုန်သည်တွေသာ အခရာကျပါတယ်။ ကုန်သည်တွေ ရောက်လာတော့မှသာ ဟိုနိုင်ငံမှာ ဘာဖြစ်တယ်၊ ဒီနိုင်ငံမှာ ဘာဖြစ်တယ်ဆိုတဲ့ သတင်းတွေ ကြားရတဲ့အချိန် သိရတဲ့အချိန်ပါ။

မဟာကပ္ပိနမင်းကြီးနဲ့ အမတ်များ မင်းဥယျာဉ်မှာ နားနေခိုက် အခေါ်ခိုင်းလို့ ရောက်လာကြတဲ့ ကုန်သည်တွေကို မင်းကြီးက မေးမြန်းပါတယ်။ “မင်းတို့တိုင်းပြည်မှာ ထူးထူးခြားခြား ဖြစ်ပျက်တာ ဘာတွေများ ရှိသလဲ” လို့ မေးပါတယ်။

"အရှင်မင်းကြီး ထူးခြားချက်ကတော့ ကျွန်တော်မျိုးတို့နေတဲ့ သာဝတ္ထိပြည်မှာ ဘုရားဆိုတာ ပွင့်ထွန်းပေါ်ပေါက်နေပါပြီ။ မြတ်စွာဘုရားရှင် လောကမှာ ပွင့်ပေါ်နေပါပြီ" လို့ သံတော်ဦး တင်ကြပါတယ်။

"ဘုရား" ဆိုတဲ့ စကားသံကြားရတဲ့ အခိုက်အတန့်မှာ မင်းကြီးရဲ့စိတ်နှလုံးဟာ မျှော်လင့်ချက်တွေ ပြည့်ပြီမို့ ကျေနပ်နှစ်သက်မှုတွေ ဖြစ်ပါတယ်။ "ဘုရား" ဆိုတဲ့ စကားလုံးကို ကြားရတဲ့အချိန်မှာ ဝမ်းသာလွန်းလို့ သတိလစ်မတတ်ကို ဖြစ်သွားရှာပါတယ်။

"ပြန်ပြောစမ်းပါဦး၊ ဘာပြောလိုက်တာလဲ" လို့ ထပ်မေးမြန်းတော့ "ဘုရားပွင့်နေပြီ" ဒီလိုလျှောက်ထားကြပါတယ်။ နောက်တစ်ကြိမ် သေချာအောင် "မင်းတို့ ဘာပြောလိုက်တာလဲ" လို့ သုံးကြိမ်တိုင်တိုင် မေးမြန်းတော်မူပါတယ်။



ဘုရားပွင့်နေပြီ၊ သာဝတ္ထိပြည်မှာ ဘုရားပွင့်နေတယ်ဆိုတဲ့ သတင်းစကားပေးတဲ့ ကုန်သည်တွေကို အသပြာတစ်သိန်း ဆုချပါတယ်။ တစ်ခြားဘာတွေများ ထူးခြားတာရှိပါသေးလဲ မေးမြန်းတဲ့အခါ "အရှင်မင်းကြီး၊ ဒီမျှလောက်သာ မဟုတ်သေးပါဘူး။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ နေ့စဉ်နေ့တိုင်းမှာ တရားဓမ္မကို ဟောကြားတော်မူပါတယ်" လို့ လျှောက်ထားပြန်တဲ့အခါ "တရား" ဆိုတဲ့အသံ "တရား" ဆိုတဲ့စကားလုံးကို ကြားရတဲ့ အချိန်အခါမှာလည်း မဟာကပ္ပိနမင်းကြီးဟာ အင်မတန်မှ နှစ်သက်သဘောကျပြီး သုံးကြိမ်သုံးခါ မေးပြီးတော့ အသပြာတစ်သိန်း ဆုချပြန်ပါတယ်။

နောက်တစ်ခါ "အရှင်မင်းကြီး၊ မြတ်စွာဘုရားရှင် ဟောကြားတဲ့ တရားဓမ္မကို လိုက်နာကျင့်သုံးကြတဲ့ သံဃာတော် အရှင်မြတ်တွေလည်း လောကမှာ ရှိနေပါပြီ" လို့ သံတော်ဦးတင်ကြပြန်တဲ့အခါ အသပြာတစ်သိန်း ဆုလာဘ်အဖြစ် ပေးလိုက်ပြန်ပါတယ်။



**ဘုရားထံသွား ရဟန်းပြု**

ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး လောကမှာ ပွင့်ထွန်းပေါ်ပေါက်နေပြီဆိုတာ အတိအကျ သိရချိန်မှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေရတဲ့ စည်းစိမ်ချမ်းသာကိုပါ မလိုချင်တော့ပါဘူး။ မင်းစည်းစိမ် မင်းချမ်းသာတွေကို စွန့်လွှတ်ပြီး ရဟန်းပြုတော့မယ်လို့ အမိန့်ရှိလိုက်တော့ အမတ်တွေလည်း အတူတကွ ရဟန်းပြုခွင့် တောင်းကြပါတယ်။

မြတ်စွာဘုရားရှင်ထံ သွားမယ်၊ တရားနာမယ်၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ တပည့်သားသာဝကအဖြစ်ကို ခံယူမယ်လို့ ချက်ချင်း ဆုံးဖြတ်ချက်ချပြီးတော့ မဟာကပ္ပိနမင်းနဲ့ အမတ်တစ်ထောင် ဘုရားရှိတဲ့နေရာ သာဝတ္ထိပြည်ကို လိုက်သွားကြပါတယ်။ ကျန်ခဲ့တဲ့ မိဖုရားနဲ့ အခြွေအရံတွေကို "အလိုရှိတိုင်း စည်းစိမ်ချမ်းသာကို ခံစားကြပါ" လို့ လှည်းကုန်သည်

တွေနဲ့ တစ်ဆင့်ပြောကြားပြီး ဘုရားရှင်ထံ ထွက်သွားကြပါတော့တယ်။

မြတ်စွာဘုရားကလည်း သိတော်မူပါတယ်။ မဟာကပ္ပိနမင်း အမတ်တစ်ထောင်နဲ့ ရောက်လာတော့မယ်ဆိုတာသိလို့ လမ်းကနေ စောင့်ကြိုပြီး စန္ဒဘာဂါမြစ်ကမ်းမှာ သီတင်းသုံး စောင့်ဆိုင်းတော်မူပါတယ်။ မဟာကပ္ပိနမင်းနဲ့ အမတ်တစ်ထောင် ဘုရားရှင်ကို တွေ့မြင်လိုက်ရတဲ့ အချိန်မှာပဲ တရားဓမ္မ နာကြားရပြီး တရားထူးတရားမြတ်တွေကို သိရှိပြီးတော့ သောတာပန်ဖြစ်ကြပါတယ်။ ဧဟိဘိက္ခု ရဟန်းအဖြစ်ကို ရရှိကြပါတယ်။

နောက်ပိုင်းမှာ ကျန်ခဲ့တဲ့ မိဖုရား အနောဇာဒေဝီနဲ့ အခြံအရံမိဖုရားတစ်ထောင် ဘယ်လိုတွေများ ဖြစ်ကျန်ခဲ့သလဲလို့ ကြည့်ကြစမ်းပါဦး။

မဟာကပ္ပိနမင်းကြီးက ကုန်သည်တွေကို မှာသွားခဲ့တယ်။ "မင်းတို့ သွားပြောကြ၊ နန်းတော်မှာ ကျန်ခဲ့တဲ့



မိဖုရားတွေကို တို့တော့ နောက်ကြောင်း ပြန်မလှည့်တော့ဘူး။ မြတ်စွာဘုရားဆီကို ရဟန်းပြုဖို့ သွားကြပြီလို့ ပြောလိုက်ပါ။"

"ထီးနန်းစည်းစိမ်ကို မိဖုရားကြီးကို လွှဲအပ်ခဲ့ပါတယ်။ မိဖုရားကြီး ကြိုက်သလို စီမံအုပ်ချုပ်ပါ။ တိုင်းပြည်တစ်ခုလုံး အကုန်လွှဲခဲ့ပြီ။ ရှိသမျှ စည်းစိမ်တွေ အကုန်လုံး အကုန်လုံးလွှဲခဲ့ပြီ။ စိတ်တိုင်းကျ စီမံအုပ်ချုပ်ပါ" ဆိုတဲ့အကြောင်း ကုန်သည်တွေကိုပဲ အပြောခိုင်းခဲ့တယ်။

ကုန်သည်တွေ နန်းတော်ရောက်သွားတော့ အနောဇာဒေဝီ မိဖုရားကြီးက အကျိုးအကြောင်းမေးမြန်းပါတယ်။ "ဘာလို့ အသပြာသုံးသိန်း အပေးခိုင်းရတာလဲ" လို့ မေးပါတယ်။ "ဘုရားပွင့်နေပြီ၊ တရားဟောနေပြီ၊ သံဃာတော် အရှင်မြတ်တွေလည်း ရှိနေပြီ ဆိုတဲ့ သတင်းပေးလို့ပါ" လို့ လျှောက်တင်ကြပါတယ်။

ဘုရား တရား သံဃာဆိုတဲ့ စကားလုံး စကားသံကို ကြားသိလိုက်ရတော့ ကြားတဲ့အချိန်မှာလည်း



အနောဇာဒေဝီ မိဖုရားကြီးက ပိုပြီးတော့ သဒ္ဓါတရားကောင်းတယ်ထင်ပါရဲ့။ သူက အသပြာသုံးသိန်းစီ ဆုချပါတယ်။

ခုနက မဟာကပ္ပိနမင်းကြီးက အသပြာသုံးသိန်း၊ အခု အနောဇာဒေဝီက အသပြာကိုးသိန်း ဆုပေးလိုက်တယ်။ ကုန်သည်တွေ ရတနာသတင်း ပေးရတာ ဆုလာဘ်တွေ အများကြီး ရသွားကြပါတယ်။ ချက်ချင်းအကျိုးရသွားကြပါတယ်။

## နောက်က လိုက်လာကြ

အနောဇာဒေဝီကလည်း "သူတို့သွားကြပြီ။ ငါတို့လည်း ကျန်ရစ်နေလို့မဖြစ်ဘူး။ သူတို့ထားခဲ့တဲ့ စည်းစိမ်ချမ်းသာတွေကို ဘာလုပ်ရမှာလဲ။ သူများထွေးခဲ့တဲ့ တံတွေးပေါက် ငါတို့တော့ ပြန်မမျိုနိုင်ဘူး။ စည်းစိမ်ချမ်းသာနဲ့ တွယ်တာမှုကြောင့် ဆင်းရဲဒုက္ခရောက်မယ်ဆိုလျှင် မောင်တော်မင်းကြီးတို့သာမဟုတ်၊ တို့ကိုလည်း ဒုက္ခပေးမှာ အမှန်ပါပဲ။ တို့လည်းပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တပည့်သာဝကအနေနဲ့ ဝဋ်ဆင်းရဲမှ

ထွက်မြောက်အောင် ကျင့်ဆောင်မယ်၊ သာသနာ့ဘောင်ကို ဝင်ကြမယ်” လို့ တိုင်ပင်ညီညွတ်ပြီး မြတ်စွာဘုရားထံ လိုက်သွားကြပြန်ပါတယ်။

အနောဇာဒေဝီ မိဖုရားကြီးနဲ့ မှူးမတ်ကတော်တွေ လိုက်လာကြပြီဆိုတာကို သိမြင်တော်မူတဲ့ မြတ်စွာဘုရားရှင်ဟာ အနီးရှိတဲ့ အရှင်မဟာကပ္ပိနနဲ့ ရဟန်းတစ်ထောင်ကို တန်ခိုးနဲ့ မမြင်ရအောင် ကွယ်ဖျောက်ထားပြီး စောင့်ဆိုင်းနေတော်မူပါတယ်။

“မဟာကပ္ပိနမင်းကြီး ဘယ်မှာပါလဲဘုရား” လို့ မေးမြန်းလျှောက်ထားတဲ့အခါ “တွေ့ရပါလိမ့်မယ်” လို့ အမိန့်ရှိပြီး အမောအပန်းပြေချိန်မှာ တရားဟောတော့ အားလုံး သောတာပန်ဖြစ်ကြပါတယ်။ အဲဒီတရားကို နာကြားကြရတဲ့ အရှင်မဟာကပ္ပိနနဲ့ ရဟန်းတော်များက ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်သွားကြပါတယ်။



အတူတကွ ကုသိုလ်ကောင်းမှု ပြုခဲ့ကြတဲ့သူတွေ ကုသိုလ်ကောင်းမှုကို ပြုစဉ်ကလည်း အတူတူ၊ ကျွတ်တန်းဝင်ကြတဲ့ အချိန်မှာလည်း အတူတူဖြစ်ကြရပါပြီ။

မြတ်စွာဘုရားရှင်ကို ဖူးတွေ့၊ တရားတော်တွေ နာကြားကြရပြီး မဂ်တရား ဖိုလ်တရားတွေကို ရရှိကာ အတူတူ နိဗ္ဗာန်ဝင်စံ သွားကြရပါတယ်။ ဘဝပေါင်းများစွာ ဆုံတွေ့ကြ၊ ဘဝတိုင်း ဘဝတိုင်းမှာလည်း တစ်ဦးနဲ့ တစ်ဦး၊ တစ်ယောက်နဲ့ တစ်ယောက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေခဲ့ကြရပါတယ်။ ကုသိုလ်ကောင်းမှုပြုခွင့်တွေ ရကြပါတယ်။

ဘဝအသီးသီးမှာ ပြန်ဆုံတွေ့တော့လည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ ကြုံဆုံလို့ သံသရာဟိုဘက်ကမ်း နိဗ္ဗာန်ကို ဝင်ရောက်ကြတဲ့ အချိန်မှာလည်း အတူတကွ ဝင်ရောက်ကြလို့ သိပ်ကို နှစ်သက်အားရ ကြည်နူးစရာပါ။



အဲဒီလို အကျိုးတရားကို ခံစားရရှိတာဟာ ဘာကုသိုလ်လဲ၊ ဘာကောင်းမှုလဲလို့ ကြည့်လိုက်ရင် ပေါင်းစုလှူတဲ့ ကုသိုလ်ရဲ့ အကျိုးပါ။

## ပေါင်းစုတူယှဉ် နိဗ္ဗာန်ဝင်

အတူတကွပြုခဲ့တဲ့ ကုသိုလ်ကောင်းမှု ရှိတဲ့သူတွေဟာ အတူပဲ ကျွတ်တန်းဝင်ကြတယ်။ သံသရာလည်တော့လည်းပဲ အတူတူ၊ ချမ်းသာလည်းအတူ၊ ဆင်းရဲလည်းအတူ မခွဲမခွာနဲ့ အတူတကွ ခံစံကြရပါတယ်။

ဒါကြောင့် အခုလို ကုသိုလ်ကောင်းမှုပြုကြတဲ့ ဝိသာခါ အသင်းသူ၊ အသင်းသားတွေလည်း ဒီဘဝမှာတင် ဆုံကြမှာ မဟုတ်ပါဘူး။ မှန်းဆပြီးတော့ လှမ်းမျှော်ကြည့်လိုက်မယ်ဆိုရင် အရင့်အရင်တုန်းကလည်း အတူတကွ ကောင်းမှုတွေ ပြုခဲ့ကြတာ ဖြစ်ပါလိမ့်မယ်။

ဒီဘဝမှာလည်း အခုလိုစုပေါင်းပြီးတော့ ကုသိုလ်ကောင်းမှုတွေကို ပြုကြတယ်။ အဲဒီလိုပဲ နောင်အချိန်

နောင်အခါ ကျွတ်တန်းဝင်ကြတဲ့အချိန်၊ တရားထူး တရားမြတ်တွေ သိကြတဲ့အချိန်တွေမှာလည်း အတူတကွ စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တွေကို ရရှိကာ အတူတကွ ကျွတ်တန်းဝင်ကြရပါလိမ့်မယ်။

ကုသိုလ်ကောင်းမှုကို ကိုယ်တိုင်ပြုရုံမျှမက နီးစပ်ရင်းနှီးသူတွေကိုပါ လက်တွဲခေါ်ကာ ကုသိုလ်ပြုကြတဲ့အတွက်ကြောင့် အခြံအရံ ပရိသတ်တွေလည်း ပေါများတယ်။ ကိုယ်တိုင်လည်းပဲ စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံတယ်။ ကိုယ်တိုင်လည်းပဲ လှူတဲ့ဒါန၊ သူတစ်ပါးကိုလည်းပဲ တိုက်တွန်းအားပေးတဲ့ဒါန၊ မိမိလည်းလှူ သူများကိုလည်း လှူစေတဲ့ဒါနကိုပြုသူတွေမို့ဘယ်ဘဝရောက်ရောက်၊ ဘယ်ဘဝမှာဖြစ်ဖြစ် လူဖြစ်ရင်လည်း စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံပါမယ်။အခြွေအရံတွေလည်း များပြားပါမယ်။

နတ်ဖြစ်ရင်လည်း စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံပါမယ်။ အခြွေအရံတွေလည်း များပြားပါမယ်။ နောက်ဆုံး



သံသရာရဲ့ တစ်ဖက်ကမ်း နိဗ္ဗာန်ရောက်ချိန်မှာတောင်မှ အတူတကွ နိဗ္ဗာန်ကို ဝင်စံနိုင်ကြပါလိမ့်မယ်။

ဒီလို ဒီလို အကျိုးကျေးဇူးတွေ များပြားစွာ ရပါတယ်လို့ ဘုန်းကြီးတို့ ပရိသတ်ကို ဘုန်းကြီး အသိပေးရင်းနဲ့ပဲ ယနေ့ပြုရတဲ့ ကုသိုလ်ကောင်းမှုကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရနိုင် ရောက်နိုင်၊ မျက်မှောက်ပြုနိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ တရားနိဂုံးချုပ်ကြပါစို့ ။ ။

* * *

**ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ**

ဓမ္မဒူတတောရ သာသနာ့ရိပ်သာ

ဆယ်မိုင်ကုန်း၊ ဟံသာဝတီဂေါက်ကွင်းအနီး၊ ပဲခူးမြို့

ဖုန်း ၀၅၂–၂၄၅၅၀၊ ၀၉–၅၁၀ ၄၆၆၉

**၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈) ရက်**

**၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ၊ (၁) ရက်**

## ဆရာတော်၏ တရားစာအုပ်၊ တရားတိတ်ခွေ၊ တရားစီဒီ၊ တရားဗီစီဒီ၊ အမ်ပီသရီး တရားတော်များ ရရှိနိုင်သော နေရာများ

(၁) ဓမ္မဒူတတောရ သာသနာ့ရိပ်သာ
ဆယ်မိုင်ကုန်း၊ ဟံသာဝတီဂေါက်ကွင်းအနီး၊ ပဲခူးမြို့။

(၂) ကိုကျော်နိုင် (ရွှေအိုး–ချက်နို့ဆီ)
(၅၁၁)၊ ပြည်တော်သာ(၄)လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့။

(၃) ကိုသိမ်းစိုး (သီဟရတနာ–စာပေ)
(၁၀၀–ဒီ)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

(၄) စပယ်ဦး တေးသံသွင်း
(၂၂၁)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

(၅) သဒ္ဒါရုံ တေးသံသွင်း
(၁၇၆)၊ ဗိုလ်ဆွန်ပက်လမ်း၊ ရန်ကုန်မြို့။

(၆) နှင်း–စာပေရတနာ
(၁၅၄)၊ မြေညီထပ်(ဘယ်)၊ စမ်းချောင်းလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့။

(၇) စိန်ဟင်း–လျှပ်စစ်ပစ္စည်းနှင့်စတိုး
မင်းလမ်း၊ ပဲခူးမြို့။

(၈) သဇင်–စာပေ (၂)
ရွှေမော်ဓောဘုရားလမ်းထိပ်၊ ပဲခူးမြို့။